# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

## ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်

## အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာ မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်

နေပြည်တော် စက်တင်ဘာ ၂၅

အားကစားကဏ္ဍတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်အား တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ် စ ရာ**


**အင်းဝမြို့၏ ရှေးဟောင်းလောကဝေသဘူမြို့ထောင့်စေတီအား သန့်ရှင်းရေး ဆောင်ရွက်နေပြီး အလှူရှင်များပေါ်ပေါက်လာပါက ရှေးမူမပျက် ပြန်လည်ပြင်ဆင်မည်** — ပြည်တွင်းသတင်း | စာ ၅

**၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်** — ပြည်တွင်းသတင်း | စာ ၁၅

**ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး** — ဆောင်းပါး | စာ ၁၆



**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၄ ရက်သာ လိုတော့သည်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

❖ **နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာ၌ ကြံ့ခိုင်သန်စွမ်းမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စိတ်ဓာတ်ထက်သန်ပြင်းပြမှုတို့လို၊ အချင်းချင်း စည်းစည်းလုံးလုံး၊ အပြန်အလှန်နားလည်မှုရှိသည့် အဖွဲ့အစည်းစိတ်ဓာတ်နှင့် စုပေါင်းဖေးကူ ဆောင်ရွက်နိုင်စွမ်းရှိရန်လည်း မဖြစ်မနေလိုအပ်၊ တပ်မတော်သားတပ်ဖွဲ့ဝင်အဆင့်အတန်းတိုင်းသည် နိုင်ငံ့လိုအပ်ချက်အရ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းအပေါ် ကျရောက်လာသည့် နိုင်ငံ့တာဝန် မှန်သမျှကို အပြည့်အဝဆုံးသော ခွန်အား၊ အထက်မြက်ဆုံးသော စွမ်းဆောင်ရည်များဖြင့် ကျေပွန်အောင်မြင်အောင် ထမ်းဆောင်သွားနိုင်ရန်လို**

❑ *ရွှေဖုံးမှ*

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်၍လှစ်တင်**

ဦးစွာ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းတို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လှစ်တင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏အလေးပြုခြင်းကိုခံယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို ကျင်းပနေခြင်းသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ်ကို တက်လှမ်းနိုင်စေရန် ရည်ရွယ်ကျင်းပနေခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်မွေးထုတ်ပေးနေခြင်းလည်း ဖြစ်ကြောင်း။

အားကစားဟူသည်မှာ ခွန်အားနှင့် ဉာဏ်ရည်ကို အသုံးပြုပြီး လှုပ်ရှားဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အားကစားလုပ်ဆောင်ခြင်းကြောင့် လူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို ကြံ့ခိုင်သန်စွမ်းစေရုံမက စိတ်ခွန်အားကဏ္ဍဆိုင်ရာကိုပါ ကြံ့ခိုင်ဖွံ့ဖြိုးစေကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကိုဗစ် - ၁၉ ကပ်ရောဂါကူးစက်မှုနှုန်း မြင့်မားချိန်ကာလမှအပ နှစ်စဉ်ပုံမှန်ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကျင်းပသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မိမိတို့တပ်မတော်သားများ၏ တစ်ဦးချင်းအပြင် အဖွဲ့လိုက်ယှဉ်ပြိုင်ရသည့် အားကစားနည်း ၁၀ မျိုးကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ်ပေါ်ထွက်နေ**

တပ်မတော်အနေဖြင့် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့နှင့် တပ်မတော်အားကစားကော်မတီတို့ကို ဖွဲ့စည်းပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အရည်အသွေးမြင့် တပ်မတော်သားအားကစားသမားများ မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နှစ်စဉ်အားကစားပြက္ခဒိန်ကို ရေးဆွဲထားရှိပြီး တိုင်းစစ်ဌာနချုပ်များအလိုက် သတ်မှတ်ပြိုင်ပွဲများကို ကျင်းပခဲ့သောကြောင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများအတွက် သွေးသစ်လောင်းနိုင်သည့် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်နေခြင်းလည်း ဖြစ်ကြောင်း။

အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်များကို အောင်မြင်စွာ မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်သောကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်ကို တိုက်ရိုက်သက်ရောက် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကအကြောင်းရင်းခံတစ်ရပ်လည်းဖြစ်ကြောင်း၊တပ်မတော်သားအားကစားသမားများသည် နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် ဒေသတွင်းပြိုင်ပွဲများတွင် အဆင့်အတန်းပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည့်အပြင် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဆုတံဆိပ်အသီးသီး ဆွတ်ခူးရရှိနေကြသည်ကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*



တပ်မတော် အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းတို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍လှစ်တင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု ထွက်ခွာစဉ်။

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာ၌ ကြံ့ခိုင်သန်စွမ်းမှု၊ ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် စိတ်ဓာတ်ထက်သန်ပြင်းပြမှုတို့လိုအပ်ကြောင်း၊ အချင်းချင်း စည်းစည်းလုံးလုံး၊ အပြန်အလှန်နားလည်မှုရှိသည့် အဖွဲ့အစည်းစိတ်ဓာတ်နှင့် စုပေါင်းဖေးကူ ဆောင်ရွက်နိုင်စွမ်းရှိရန်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ တပ်မတော်သားတပ်ဖွဲ့ဝင် အဆင့်အတန်းတိုင်းသည် နိုင်ငံ့လိုအပ်ချက်အရ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းအပေါ် ကျရောက်လာသည့် နိုင်ငံ့တာဝန်မှန်သမျှကို အပြည့်အဝဆုံးသော ခွန်အား၊ အထက်မြက်ဆုံးသော စွမ်းဆောင်ရည်များဖြင့် ကျေပွန်အောင်မြင်အောင် ထမ်းဆောင်သွားနိုင်ရန်လိုကြောင်း။

ယခုကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲသည်လည်း နိုင်ငံတော်ကချမှတ်ထားသော လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့်အချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မိမိတို့တိုင်းစစ်ဌာနချုပ်၏ ဂုဏ်ကိုဆောင်နိုင်သူ အားကစားသမားဖြစ်ရမည် ဟူသည့် ရည်မှန်းချက်ထား ယှဉ်ပြိုင်သွားကြရန်၊ ရှိပြီးဖြစ်သည့် ကာယ၊ ဉာဏစွမ်းအားများကို ရေကုန်ရေခန်းထုတ်ဖော်ပြသပြီး တပ်မတော်ဂုဏ်ဆောင်အဆင့်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အဆင့်ထိရောက်အောင် ကြိုးပမ်းသွားကြရန်၊ ကာကွယ်ရေးတာဝန်ကျေပွန်သည့် တပ်မတော်သားကောင်းအဖြစ်သာမက တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် မလျှော့သောဖွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



ထို့နောက် စစ်ရေးပြမှူးကြီးဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု ထွက်ခွာကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ရလဒ်ကောင်းရရှိနိုင်ရေး အပြန်အလှန် ဖိအားပေးကစားခဲ့ကြသော်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြုအသင်းက အချိတ်အဆက်မိမိ ကစားကွက်မိမိဖြင့် ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူကာ ကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန်မိနစ်အားလုံးပြီးဆုံးချိန်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လေးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ကရာတေးဒိုပြိုင်ပွဲ၊ ပြေးခုန်ပစ် (ကျား/မ) ပြိုင်ပွဲ၊ မြန်မာ့သိုင်း (ကျား/မ) ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ ဂျူဒို (ကျား/မ) ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲ ၁၀ မျိုးအား အောက်တိုဘာ ၁၁ ရက်နေ့အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ရေဘေးသင့်ကျေးရွာများ၌ ရေတွင်းများ တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေမှုတ်စက်များဖြင့် ကိုယ်ပိုင်တွင်းတိမ်များ တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ **(ယာပုံ)**

ဦးစွာ ဒုတိယဝန်ကြီးသည် ရေတိုက်စားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်ချင်းဆက် အရှည်ပေ ၂၈၀ ရှိ ညောင်ပင်သာ–သာယာကုန်းတံတား ချဉ်းကပ်လမ်း ပြန်လည်ပြုပြင်ပေးရန်နှင့် မြေထိန်းနံရံများ ပြန်လည်ပြုပြင်ပေးရန် လိုအပ်မှုအခြေအနေများကိုလည်းကောင်း၊ ညောင်ပင်ကြီးကျေးရွာ၌ တွင်းဆေးတွင်းမှုတ် ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညောင်ပင်ကြီးကျေးရွာတွင် တွင်းဆေးတွင်းမှုတ် ပြုလုပ်ပေးရန် လိုအပ်သည့် ရေတွင်း ပေါင်း ၄၀ ရှိသည့်အနက် ၃၅ တွင်း ဆောင်ရွက်ပြီးစီးပြီး ကျန်ရှိသည့် ငါးတွင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။



နေပြည်တော် ကောင်စီနယ်မြေအတွင်း၌ ရေကြီးနစ်မြုပ်သွားသော ကျေးရွာ ၁၅၄ ရွာတွင် သောက်သုံးရေအတွက် အသုံးပြုလျက်ရှိသော အများသုံးနှင့် ကိုယ်ပိုင်တွင်းတိမ် တွင်းနက် ၈၂၅၂ တွင်း ရှိသည့်အနက် ပြန်လည်၍ တွင်းဆေးတွင်းမှုတ် ပြုလုပ်ရန်လိုအပ်သော တွင်း ၄၅၇၉ တွင်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများအနေဖြင့် အဖွဲ့ပေါင်း ၁၅ ဖွဲ့ခွဲ၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်အထိ ၁၅၅၆ တွင်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

မူရင်းကျေးရွာများသို့ပြန်လည် နေထိုင်သောလူဦးရေ တဖြည်းဖြည်း များပြားလာပြီဖြစ်ရာ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျန်တွင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်သည့်အပြင် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင်လည်း ရွှေ့လျားရေသန့်စင်စက် ယာဉ်တစ်စီး ပို့ဆောင်၍ သောက်သုံးရေလိုအပ်သော ကျေးရွာများသို့ လိုက်လံဖြန့်ဝေ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## တနင်္သာရီတိုင်းဒေသကြီးအတွင်း စာရင်းကောက်ကွက်ပေါင်း ၂၆၈၃ ကွက်ကို စာရင်းစစ်၊ စာရင်းကောက် ၁၀၄၅ ဦးဖြင့် ကောက်ယူသွားမည်



**ထားဝယ် စက်တင်ဘာ ၂၅**

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းကို ကွန်ပျူတာ တက္ကသိုလ်(ထားဝယ်)၌ ဖွင့်လှစ်သင်ကြားလျက်ရှိရာ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

တနင်္သာရီ တိုင်းဒေသကြီး အတွင်း စာရင်းကောက်ကွက်ပေါင်း ၂၆၈၃ ကွက်ကို စာရင်းကောက်ရန် လျာထား၍ စာရင်းစစ်၊ စာရင်းကောက် ၁၀၄၅ ဦးဖြင့် ကောက်ယူသွားမည်ဖြစ်ပြီး ထားဝယ်မြို့နယ်အဆင့် သင်တန်းတွင် သင်တန်းသား ၁၉၂ ဦးအား စက်တင်ဘာ ၂၈ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အင်းဝမြို့၏ ရှေးဟောင်းလောကဝေဿဘူမြို့ထောင့်စေတီအား သန့်ရှင်းရေးဆောင်ရွက်နေပြီး အလှူရှင်များပေါ်ပေါက်လာပါက ရှေးမူမပျက်ပြန်လည်ပြင်ဆင်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

အင်းဝမြို့၏ညောင်ရမ်းခေတ်ကြာသပတေးမင်း တည်ထားကိုးကွယ်ခဲ့သည့်ရှေးဟောင်းစေတီတစ်ဆူဖြစ်သည့် လောကဝေဿဘူမြို့ထောင့်စေတီအား သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး အလှူရှင်များ ထပ်မံပေါ်ပေါက်လာပါက ရှေးမူမပျက် ပြန်လည်ပြင်ဆင်ခြင်းများပြုလုပ်သွားရန်ရည်ရွယ်ထားကြောင်း ရှင်းလင်းရေးအတွက် ဦးဆောင် ဆောင်ရွက်ပေးနေသူ သုတေသီ၊ စာရေးဆရာ ဘိုရှိတ် (ရတနာပူရ) က ပြောသည်။

အဆိုပါ စေတီမှာညောင်ရမ်းမင်းဆက်တွင်နောက်ဆုံးစိုးစံခဲ့သော ကြာသပတေးမင်းလက်ထက် တည်ထားကိုးကွယ်ခဲ့သည့် အင်းဝမြို့၏ ရှေးဟောင်းအထင်ကရ စေတီတစ်ဆူလည်းဖြစ်ကြောင်း ပြောကြားသည်။

အင်းဝမြို့ ညောင်ရမ်းခေတ် ကြာသပတေးမင်းကောင်းမှု လောကဝေဿဘူမြို့ထောင့်စေတီမှာ နှစ်ပေါင်း



၂၇၀ ခန့်ကြာမြင့်နေသည့် စေတီတစ်ဆူဖြစ်ပြီး ညောင်ပင်၊ ချုံနွယ်များကြားတိမ်မြုပ်နေခဲ့ခြင်းဖြစ်သည်။

အဆိုပါစေတီကို စက်တင်ဘာ ၂၅ ရက်က သန့်ရှင်းရေးစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ "လောကဝေဿဘူစေတီက ညောင်ရမ်းမင်း ၁၀ ဆက်ရှိတယ်။ အဲဒီထဲမှာ နောက်ဆုံးစိုးစံခဲ့တဲ့မင်းက ကြာသပတေးမင်းလက်ထက်မှာ တည်ထားကိုးကွယ်ခဲ့တဲ့ စေတီပါ။ အပြင်မြို့ကြီးရဲ့ မြို့ရိုးကြီးပေါ်မှာ တည်ထားတဲ့ စေတီတစ်ဆူပါ။ အရင်တုန်းကတည်းက ဒီစေတီကြီးရှိပေမယ့် ဘွဲ့နာမည်မသိခဲ့ဘဲ မြို့ထောင့်စေတီ စသဖြင့် ခေါ်နေကြတယ်။ အဲဒီအချိန်မှာ ကျွန်တော်က အင်းဝမြို့တည်၊ နန်းတည်တဲ့ ပေမူတွေ၊ မော်ကွန်းတွေကို ရှာဖွေတဲ့အခါမှာ ဒီစေတီဟာ လောကဝေဿဘူဆိုတာ သိလာရတယ်။ ချုံတွေ၊ ညောင်ပင်တွေနဲ့ ရှင်းလင်းရေးလုပ်နေတာပါ။ ကျွန်တော်ကပဲ စေတနာအလျောက် ဦးဆောင်ပြီးတော့ သန့်ရှင်းရေးအတွက် ဆောင်ရွက်ဖြစ်တာပါ။ အခုကတော့ ချုံတွေ၊ ညောင်ပင်တွေထဲနစ်နေတာ အပျက်အစီးတွေတော့ရှိပါတယ်" ဟု ၎င်းကဆိုသည်။

လက်ရှိတွင်စေတီကြီး၌ပေါက်ရောက်နေသည့် ညောင်ပင်၊ ချုံနွယ်များကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ဓာတုဆေးရည်အသုံးပြုကာ ညောင်ပင်များသတ်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့အပြင် အဆိုပါစေတီတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ အလှူရှင်များ ထပ်မံပေါ် ပေါက်လာပါက ရှေးမူမပျက် ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ၎င်းကဆိုသည်။

**MT**

## ရပ်စောက်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် သင်တန်းဆင်း

**ရပ်စောက် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊



စာရင်းကောက်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ရပ်စောက်) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်စောက်မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဆမ်ခမ်းက သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော အချက်အလက်မှန်ကန်မှသာ နိုင်ငံ၏ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စာရင်းစစ်၊ စာရင်းကောက်များအနေဖြင့် သန်းခေါင်စာရင်းလုပ်ငန်းတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ကြရန်လိုကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း ခန့်အပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က သာယာဝတီမြို့နယ် သုံးဆယ်မြို့ ရွှေဆယ်ဝတီဘိုးဘွားရိပ်သာ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲစိုး ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်ဥက္ကာသွင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ် တင်ဌေး၊ သစ်တော ရဲတပ်ဖွဲ့ ဒုတိယရဲမှူး လှဌေးနှင့် ရဲတပ်ဖွဲ့ဝင်များက သန့်ရှင်းရေးပြုလုပ်ပြီး ဘိုးဘွားများအား ဆေးဝါးများလှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် **"အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"**ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းပြည်ချစ်စိတ်ကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ် ပေါ်ပေါက်လာစေမည် ဖြစ်သည့်အတွက် အားကစားပွဲများကို ရာသီအလိုက် နိုင်ငံတော်က ကျင်းပပေးနေခြင်းဖြစ်ကြောင်း။





### ကြိုတင်လေ့ကျင့်ပြင်ဆင်

နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးတို့ကို ဦးတည်ချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့်လည်း ကျန်းမာကြံ့ခိုင်ရေးအတွက် ဌာနအလိုက် အားကစားလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ကြိုတင်လေ့ကျင့်ပြင်ဆင်ဆောင်ရွက်ထားကြစေလိုကြောင်း၊ ကျန်းမာပျော်ရွှင်ပြီး စည်းလုံးညီညွတ်မှုရှိသည့် ဝန်ကြီးဌာနဖြစ်စေလိုကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်စေရန်၊ စည်းလုံးညီညွတ်စေရန်၊ အားကစားစိတ်ဓာတ်ဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်နိုင်စေရန်နှင့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာစေရန် ဟူသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင်များ တစ်ခဲနက်လာရောက် အားပေးမှုနှင့်အတူ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (တတိယလုပွဲ)ပွဲစဉ်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းက မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

### သုံးပွဲပြတ်ဖြင့်နိုင်

ဆက်လက်၍ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ (ဗိုလ်လုပွဲ) ပွဲစဉ်ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဌာနဆိုင်ရာအကြီးအကဲများက နှစ်သိမ့်ဆုရရှိသည့် ပြည်ထောင်စုဝန်ကြီးရုံးအသင်းနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန အသင်းတို့အားလည်းကောင်း၊ စတုတ္ထဆုရရှိသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသင်းအားလည်းကောင်း ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က တတိယဆုရရှိသည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအသင်းအား ဆုပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဦးရဲတင့်က ဒုတိယဆုရရှိသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ပြည်ထောင်စုဝန်ကြီးဖလားကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆု ရရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းမှ မောင်ပေါစံအား ဆုပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဒိုင်အဖွဲ့အား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ကာ ဆုရရှိသည့် ပြိုင်ပွဲဝင် အားကစားသမားများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ပြိုင်ပွဲဝင်အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**သတင်းစဉ်**




မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းတို့ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

---



## နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုသိုလ်တော်ရိပ်သာကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၅**

အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး အောင်မြေသာစံမြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီက မန္တလေးမြို့ ၆၂ လမ်းပေါ်ရှိ ကုသိုလ်တော်ရိပ်သာ ကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

### ကြည့်ရှုအားပေး

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှမိုးနှင့် မြို့နယ်အတွင်းရှိ အမှတ် ၁၊ ၂၊ ၄၊ ၅ ရဲစခန်းများမှ စခန်းမှူးများ၊ အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၈၀ တို့က ကုသိုလ်တော်ရိပ်သာ ကျောင်းတိုက်အတွင်း ချုံ၊ နွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် တံမြက်စည်းလှည်းခြင်းများကို စုပေါင်းဆောင်ရွက်ကြရာ အောင်မြေသာစံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ယုနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တင်မောင် – မန်း**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုရှားနိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုရှားနိုင်ငံ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုအသင်း(Russian Association for Friendship and Cooperation – RAFC)၏ ဒုတိယဥက္ကဋ္ဌ Mr. Alexander OSTROVSKIY ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရုရှား–မြန်မာ နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ နှစ်နိုင်ငံပူးပေါင်းစီစဉ် ရိုက်ကူးထုတ်လွှင့်ရေး၊ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေး၊ ခရီးသွားကဏ္ဍ ပိုမိုဖြင့်တင်နိုင်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ဆက်သွယ်ဆက်ဆံမှု ပိုမိုကောင်းမွန်အောင်ဆောင်ရွက်သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI)၏ အသိပညာမျှဝေသည့် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့(ASEANSAI)၏ အသိပညာမျှဝေမှုအစီအစဉ်အရ "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် အကောင်အထည်ဖော်ဆောင်ရွက်မှု စစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် အသိပညာမျှဝေမှု အလုပ်ရုံဆွေးနွေးပွဲ" ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ Video Conference စနစ်ဖြင့် လက်ခံကျင်းပသည်။




**များစွာအကျိုးရှိလိမ့်မည်ဟု ယုံကြည်**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက Video Message ဖြင့် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများနှင့် ပူးပေါင်းစစ်ဆေးရာတွင် လေ့လာသိရှိခဲ့ရသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် အကောင်အထည်ဖော်ဆောင်ရွက်မှုစစ်ဆေးခြင်းနှင့် စပ်လျဉ်းပြီး အသိပညာမျှဝေဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံစာရင်းစစ်ချုပ်ရုံးတို့ကလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့်စပ်လျဉ်းသည့် စစ်ဆေးမှုများအကြောင်းကို အသိပညာမျှဝေဆွေးနွေးသွားမည်ဖြစ်သဖြင့် များစွာအကျိုးရှိလိမ့်မည်ဟု ယုံကြည်ကြောင်း၊ မိမိတို့၏အတွေ့အကြုံ၊ စိတ်ကူးစိတ်သန်းနှင့် သတင်းအချက်အလက်များကို တိုးမြှင့်မျှဝေဆောင်ရွက်၍ ခိုင်မာသည့်ဆက်သွယ်ဆက်ဆံရေးများဖြင့် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ စာရင်းစစ်ချုပ် ASEANSAI Knowledge Sharing Committee ဥက္ကဋ္ဌ Mrs. Datuk Wan Surya Wan Mohd Radzi က Video Message ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်မြဇင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြသက်မွန်တို့က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် အကောင်အထည်ဖော်ဆောင်ရွက်မှုစစ်ဆေးခြင်းလုပ်ငန်းစဉ်များ၊ စစ်ဆေးမှုနည်းလမ်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ်များက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် အကောင်အထည်ဖော်မှုစစ်ဆေးခြင်းမှ အတွေ့အကြုံများကိုလည်းကောင်း၊ မလေးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ်များက သစ်တောစီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အပြန်အလှန်မေးခွန်းများ မေးမြန်းဆွေးနွေး၍ အလုပ်ရုံဆွေးနွေးပွဲပထမနေ့ကို ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ASEANSAI အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် စက်တင်ဘာ ၂၅**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှ စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းသည်။

စုပေါင်းသွေးလှူဒါန်းရာတွင် ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေဦး ဦးဆောင်ပြီး ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်ကြီးကြပ်မှုအောက်ရှိ မြို့နယ်များမှ တပ်ဖွဲ့ဝင်များ စုပေါင်းပြီး အရာရှိ လေးဦး၊ အခြားအဆင့် ၁၀ ဦးနှင့် အမှတ်(၈၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်တစ်ဦး စုစုပေါင်း ၁၅ ဦးတို့မှ စုပေါင်းသွေးလှူဒါန်းခဲ့ရာ သွေးလှူရှင်များအားအင်ပြန်လည်ပြည့်ဖြိုးရေး ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့ရုံးတို့က နို့အေး၊ ငှက်ပျောသီး၊ ကြက်ဥပြုတ်၊ ကြက်ဥစိမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

◆ *ကျောဖုံးမှ*

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လူနာရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် အရေးပေါ်ကုသမှုဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ပြုစုကုသမှုများ ပြုလုပ်ပြီး လိုအပ်သောစမ်းသပ်စစ်ဆေးမှုများပြုလုပ်ခြင်းကို အချိန်နှင့်တစ်ပြေးညီပြုလုပ်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပညာ ဆေးလက်တွေ့ပါရဂူဘွဲ့ သင်တန်းသူ သင်တန်းသားများဖြစ်သည့် ဒေါက်တာ ခိုင်မေဦး၊ ဒေါက်တာ ရဲနိုင်ဦးတို့နှင့် ဒေါက်တာ မင်းမင်းအောင် ဆေးပညာမဟာသိပ္ပံ (တတိယနှစ်) (အရိုးရောဂါပညာ)တို့ ဦးဆောင်သည့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုအဖွဲ့နှင့် ဒေါက်တာ ဒါလီစိုးဝင်း လက်ထောက်ဆရာဝန် (မေ့ဆေး)၊ ဆေးပညာမဟာသိပ္ပံ(မေ့ဆေး) သင်တန်းသားများဖြစ်သည့် ဒေါက်တာ ထက်အောင်လင်း၊ ဒေါက်တာ အောင်ကိုကိုတို့ ဦးဆောင်သည့် မေ့ဆေးဆရာဝန်အဖွဲ့နှင့် သူနာပြု ဒေါ်ပိုးခန့်ထူး၊ ဒေါ်နှင်းအဥ္ဇလီတို့ ပါဝင်သော သူနာပြုအဖွဲ့တို့ ပူးပေါင်း၍ ပြတ်တောက်သွားသောလက်မအား ပြန်လည်ဆက်ခြင်း (Replantation) ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။



လူနာ၏လက်မ ပြတ်တောက်သွားသည့်အခြေအနေကို တွေ့ရစဉ်။



ခွဲစိတ်ပြီး ၂၈ ရက်မြောက်နေ့တွင် လူနာ၏လက်မအခြေအနေကို တွေ့ရစဉ်။

လူနာ၏ ကျန်းမာရေးအခြေအနေနှင့် ဆက်ထားသောညာဘက်လက်မ၏ သွေးလည်ပတ်မှုအခြေအနေမှာ ကောင်းမွန်ပြီး စိတ်ချရသည့်အခြေအနေတွင် ရှိသည့်အတွက် အဆိုပါလူနာအား ဩဂုတ် ၁၂ ရက် (ခွဲစိတ်ပြီး ၁၃ ရက်မြောက်နေ့)တွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး ပုံမှန်ပြင်ပလူနာအနေဖြင့် ဆေးရုံရက်ချိန်းဖြင့် ဆက်လက်စောင့်ရှောက်ကုသပေးလျက်ရှိရာ (ခွဲစိတ်ပြီး ၂၈ ရက်မြောက် နေ့)တွင်လည်း ဆက်ထားသောလက်မ၏အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မိုးရာသီ ထန်းပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့်အတူ မိုးရာသီ ထန်းပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထန်းပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထန်းပင်များသည် မိမိတို့နိုင်ငံအတွင်းတွင် ရေဝပ်သည့်ဒေသများမှလွဲပြီး နေရာအနှံ့အပြားပေါက်ရောက် ရှင်သန်နိုင်သည့်အတွက် စိုက်ပျိုးရန်အတွက်လည်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရေပေးသွင်းရန်လည်း မလိုအပ်ဘဲ သဘာဝအစိုဓာတ်ဖြင့် ပေါက်ရောက်နိုင်သည့် အပင်ဖြစ်ကြောင်း၊ စိုက်ပျိုးသည့်အခါတွင်လည်း ထန်းသီးအစေ့ကိုသာ မြေချစိုက်ပျိုးရသည့်အပင်မျိုးဖြစ်ခြင်းကြောင့် ထန်းစေ့များကို မြေချစိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။ ယခုနှစ် မိုးရာသီကာလအတွင်း ထန်းမျိုးစေ့ ၃၆၁၀၀ ကို ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေ၊ သံဝေဇနိယလေးဌာန ဝတ္တကမြေ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၁)၊ (၃၅) ပတ်ဝန်းကျင်၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ပတ်ဝန်းကျင်တို့တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထန်းမျိုးစေ့များကို ဦးဆောင်စိုက်ပျိုးပေးပြီး ဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ ထန်းမျိုးစေ့စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ **(ယာပုံ)**



အလားတူ ဥပ္ပါသန္တိစေတီတော်တပေါင်းကွင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၁)၊ ရုံးအမှတ်(၃၅) လေ့ကျင့်ရေးဇာတ်ရုံ၊ အမျိုးသားပြတိုက်(နေပြည်တော်)၊ ဝန်ကြီးရုံးဘေးရှိ တစ်ဖက်ပိတ်ဆည်၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ပတ်ဝန်းကျင်တို့ရှိ သတ်မှတ်နေရာများ၌ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ထန်းမျိုးစေ့များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဓာတ်ဆားထုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၅** စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စု ၂၂၅ စု၊ လူဦးရေ ၁၀၀၀ ခန့်ရှိ ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာသို့သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှု၊ စိုက်ပျိုးရေးသီးနှံများပျက်စီးဆုံးရှုံးခဲ့မှု၊ ကျန်းမာရေး၊ ကျေးရွာရှိ အခြေခံမူလတန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သန့်ရှင်းရေးပြုလုပ်ပြီးစီးမှုအခြေအနေတို့ကို ဆွေးနွေးမေးမြန်းသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးနေသည့် တာဝန်ရှိသူများနှင့် ဆက်လက်တွေ့ဆုံ၍ ကျေးရွာအဝင်လမ်းပြန်လည်ပြုပြင်ရေး၊ ရွာအတွင်း ရေဝပ်သည့်နေရာများ၌ ရေနုတ်မြောင်းများ တူးဖော်ရေး၊ ဘုန်းကြီးကျောင်းအုတ်တံတိုင်းများ ပြန်လည်ပြုပြင်ရေးကိစ္စများကို ဆွေးနွေးပြီး ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရေဘေးသင့်ခဲ့သည့် ပြည်သူများအား စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ငွေကျပ် ၁၄၅၅၅၀၀၀ (တစ်ရာလေးဆယ့်ငါးသိန်း ငါးသောင်းငါးထောင်) တန်ဖိုးရှိ ဆန်၊ ဆီ၊ ဓာတ်ဆားထုပ်နှင့် ကျောင်းသုံးဗလာစာအုပ်တို့ကို ကျောင်းသူ ကျောင်းသားများ၊ ကျေးရွာတာဝန်ရှိသူများနှင့် ရေဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၅** အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်၌ ရေဘေးဖြစ်ပွားခဲ့မှုအခြေအနေ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပံ့ပိုးထောက်ပံ့မည့်အခြေအနေ၊ သဘာဝဘေးလျော့ပါးရေးနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးတို့အတွက် အသိပညာရရှိစေရေး ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရေကြီးရေလျှံမှုကြောင့် တပ်ကုန်းမြို့နယ်တွင် ထိခိုက်ဆုံးရှုံးခဲ့မှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပုံမှန်ဖြစ်စေရေးဆောင်ရွက်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်းကဏ္ဍများအတွက် နိုင်ငံတော်က ထောက်ပံ့ကူညီရန် လျာထားဆောင်ရွက်နေမှုများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ ဆန်၊ ခေါက်ဆွဲခြောက်နှင့်ရေသန့်များ ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပြင်ဦးလွင်ခရိုင်၌ အခြေခံလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်းဖွင့်

**ပြင်ဦးလွင် စက်တင်ဘာ ၂၅** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှပြုလုပ်သည့် အခြေခံလျှပ်စစ်သွယ်တန်းမှု နည်းပညာသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက်က ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ၁၅ ရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး ဝိုင်ယာရိန်းသွယ်တန်းခြင်း၊ ဝိုင်ယာရိန်းပြုလုပ်ခြင်း၊ အိမ်တွင်းသုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်နည်း၊ ဝိုင်ယာအရွယ်အစား ရွေးချယ်ခြင်း၊ ဘရိတ်ကာများ ရွေးချယ်အသုံးပြုခြင်းနှင့် လျှပ်စစ်သွယ်တန်းခြင်းဆိုင်ရာလုပ်ငန်းများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချရာ သင်တန်းသား ၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သွေးသွေး (ပြန်/ဆက်)**

## တံတားဦးခရိုင်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့်သင်တန်းဖွင့်

**တံတားဦး စက်တင်ဘာ ၂၅**
မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအတွက် ခရိုင်အဆင့်သင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးသန်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းအထောက်အကူပြုပစ္စည်းများကို ပေးအပ်ကြသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၂ ဦး တက်ရောက်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ (NAQAC)၏ အရည်အသွေးအာမခံမှု(QA)ဆိုင်ရာ ပထမအကြိမ်အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၅**
မြန်မာနိုင်ငံ တက္ကသိုလ်များအနေဖြင့် သင်တန်းအဆင့် (Program Level)နှင့် တက္ကသိုလ်ကျောင်းအဆင့် (Institutional Level) နှစ်ခုစလုံးတွင် အာဆီယံတက္ကသိုလ်ကွန်ရက်၏ အရည်အသွေးအာမခံမှု (AUN–QA) စံနှုန်းသတ်မှတ်ချက်များနှင့် ပြည့်မီကိုက်ညီကြောင်း အသိအမှတ်ပြုမှု (Accreditation) ရရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၁၃) တွင် ကျင်းပသည့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ (NA–QAC)၏ အရည်အသွေးအာမခံမှု (QA)ဆိုင်ရာ ပထမအကြိမ် အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဉွန့်ဖေက ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာ မိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာန ကိုးခုမှ NAQAC ကော်မတီဝင်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ကျောင်းများက ပေးအပ်လိုက်သည့် ပညာရေးသည် အမှန်တကယ်တန်ဖိုးရှိသည့် ပညာရေးဖြစ်သည်ဟု အာမခံမှုရှိရန် လိုအပ်ပါကြောင်း၊ သင်တန်းအဆင့် (Program Level)တွင် သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီဖြစ်စေရေး၊ ခေတ်မီစေရေး၊ လေ့လာသင်ယူသူများ၏ လိုအပ်ချက်အပြင် ဈေးကွက်၏ လိုအပ်ချက်နှင့်ပါကိုက်ညီစေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ကျောင်းအဆင့် (Institutional Level) တွင် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ သင်ကြားသင်ယူမှုနှင့် ဖွံ့စည်းပုံများအတွက် စံချိန်စံညွှန်းများ ပြည့်မီစေရေး ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံတက္ကသိုလ်များသည်လည်း အာဆီယံပညာရေးဆိုင်ရာ မူဘောင်တစ်ခုဖြစ်သော AUN–QA စံနှုန်းများနှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း၊ NAQAC အနေဖြင့် မြန်မာနိုင်ငံတက္ကသိုလ်များအတွက် ထိုက်တန်သော နိုင်ငံတကာအသိအမှတ်ပြုမှုများ ရရှိစေရန်နှင့် ကျောင်းသားဖလှယ်ရေးအစီအစဉ်များတွင် မြန်မာကျောင်းသား၊ ကျောင်းသူများ ပိုမိုပါဝင်လာနိုင်စေရန်၊ ပညာသင်ဆုများ ပိုမိုဆွတ်ခူးရရှိစေရန်၊ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော ကမ္ဘာ့ဈေးကွက်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ပံ့ပိုးကူညီပေးရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်များကလည်း AUN–QA စံသတ်မှတ်ချက်များနှင့် စံနှုန်းများပြည့်မီကြောင်း အသိအမှတ်ပြုမှု (Accreditation) ရရှိအောင် ဖြည့်ဆည်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က AUN–QA Guideline စာအုပ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာတွဲဖြင့် ပြုစုဖြန့်ဝေသွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ Guideline စာအုပ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတက္ကသိုလ်၏ အတွင်းအရည်အသွေးစစ်ဆေးရေးအဖွဲ့များနှင့် NAQAC ၏ ပြင်ပအရည်အသွေးစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးအကြံပြုချက်များအတိုင်း ပြင်ဆင်လိုက်နာဆောင်ရွက်ခြင်းဖြင့် AUN–QA အသိအမှတ်ပြုမှု လက်မှတ်ရရှိနိုင်ရေး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။ ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေဘေးဒဏ်ခံစားခဲ့ရသော မွေးမြူရေးလုပ်ငန်းများအတွက် အလှူရှင်များက အလှူငွေ၊ အစာနှင့် ဆေးဝါးများလှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂၅**
ရေဘေးဒဏ်ခံစားခဲ့ရသော မွေးမြူရေးလုပ်ငန်းများအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ် (၃၆) ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်မှ ငွေကျပ်သိန်း ၂၀၀၀ နှင့် ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ တိရစ္ဆာန်အစာများ၊ မြန်မာဆန်းသီရိကုမ္ပဏီမှ ငွေကျပ် သိန်း ၆၀၀ တန်ဖိုးရှိ တိရစ္ဆာန်ကုသဆေး ၁၈ မျိုး၊ Fortune International Limited မှ ငွေကျပ် ၃၈၇ ဒသမ ၈ သိန်းတန်ဖိုးရှိ တိရစ္ဆာန်ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဗဟိုသဘာဝဘေးဒဏ်စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်ပေးအပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**
အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က သင်တန်းထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ယခုသင်တန်းသည် နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းလောင်းများကို နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ရုံးလုပ်ငန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲအုပ်ချုပ်မှု ပညာတို့ကို သိရှိကျွမ်းကျင်မှု ရှိစေရန်၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှု သဘောတရားများ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို လေ့လာနိုင်စေရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှု၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်တတ်မှု၊ ချစ်ခင်ရင်းနှီးမှုများ ပိုမိုရရှိစေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်နေသဘောထားကောင်းမွန်သည့် အရာရှိကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ အရာထမ်းများအဖြစ် ရှေ့ဆက်လျှောက်လှမ်းရာတွင် နိုင်ငံချစ်စိတ်၊ နိုင်ငံအပေါ် သစ္စာစောင့်သိရိုသေစိတ်၊ မျိုးချစ်စိတ်အပြည့်ဖြင့် အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်က သင်တန်းသူ သင်တန်းသားများကို ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၁၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တ ၁၇ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၅**
မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**


ကမ္ဘာ့ပတ်ဝန်းကျင် ကျန်းမာရေးနေ့အထိမ်းအမှတ်ဆောင်းပါး

# ကမ္ဘာ့ပတ်ဝန်းကျင် ကျန်းမာရေးနေ့

သီဟစည်သူ

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်သည် (၁၃)ကြိမ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင်ကျန်းမာရေးနေ့ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ကျန်းမာရေးနေ့၏ ဆောင်ပုဒ်မှာ “ ပတ်ဝန်းကျင်ကျန်းမာရေး- သဘာဝဘေးအန္တရာယ်လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးနှင့် လိုက်လျောညီထွေဖြစ်အောင် ဖန်တီးရေး- Environmental Health: Creating Resilient Communities through Disaster Risk Reduction and Climate Change Mitigation and Adaptation” ဖြစ်သည်။




ကမ္ဘာ့ပတ်ဝန်းကျင်ကျန်းမာရေးနေ့ကို လေထုညစ်ညမ်းမှု၊ ရာသီဥတုဖောက်ပြန်မှု၊ စက်မှုထွန်းကားမှု၊ မြို့ပြအသွင်ကူးပြောင်းမှု၊ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ညစ်ညမ်းမှုတို့ကြောင့် ဖြစ်ပေါ်လာသော လူသားတို့၏ ကျန်းမာရေးကို ဆက်လက်ခြိမ်းခြောက်နေမှုများကို သတိပြုမိစေရန်၊ ကမ္ဘာတစ်ဝန်းရှိပတ်ဝန်းကျင်ကျန်းမာရေး ပညာရှင်များနှင့် အသိပညာပေးသူများ၏ ဆောင်ရွက်မှုနှင့် လုပ်ငန်းတာဝန်များကို အသိအမှတ်ပြုမိစေရန်နှင့် သဘာဝပတ်ဝန်းကျင်၊ လေ၊ ရေ၊ အစားအစာ၊ အိမ်ရာနှင့် လူ့အသိုက်အဝန်းများ၏ အရည်အသွေးကို မြှင့်တင်ရန်ရည်ရွယ်ပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၆ ရက်ကစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသည်။

**ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်**

၁၉၈၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် အကျိုးအမြတ်မယူသောအဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ပတ်ဝန်းကျင်ကျန်းမာရေးဖက်ဒရေးရှင်း(IFEH)မှကြီးမှူးကာ ကမ္ဘာ့ပတ်ဝန်းကျင်ကျန်းမာရေးနေ့ကို စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါအဖွဲ့အစည်းကို လူမှုအသိုက်အဝန်းအကြား သဘာဝပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ အသိပညာများမျှဝေရန်နှင့် ကျွန်ုပ်တို့၏ ကမ္ဘာမြေ၏ ပတ်ဝန်းကျင်အခြေအနေ တိုးတက်ကောင်းမွန်လာစေရန် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာပေါ်ရှိ လူသားအားလုံးအတွက် နေထိုင်မှု၊ ကျန်းမာရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် အဓိကခြိမ်းခြောက်မှုများပင်ဖြစ်သည်။ ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော လူမှုအသိုက်အဝန်းများ ဖန်တီးနိုင်ရန်အတွက် ရာသီဥတုပြောင်းလဲမှု လျော့ပါးရေး၊ လိုက်လျောညီထွေဖြစ်ရေးနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများလျှော့ချရေးကို ကိုင်တွယ်ဖြေရှင်းရာတွင် ပတ်ဝန်းကျင်ကျန်းမာရေးသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ပတ်ဝန်းကျင်ကျန်းမာရေးသည် ဘေးအန္တရာယ်များ မဖြစ်ပွားမီကာလ၊ ဘေးအန္တရာယ်များဖြစ်နေစဉ်ကာလနှင့် ဘေးအန္တရာယ်များဖြစ်ပွားပြီးနောက်ပိုင်း ကာလများအထိ အကျုံးဝင်သည့် အဓိကကျသော အချက်တစ်ခုဖြစ်သည်။

**လူတိုင်းအတွက် ကျန်းမာရေး**

၂၀၃၀ ပြည့်နှစ် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်း(၃)မှာ လူတိုင်းအတွက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရရှိရေး ဖြစ်သည်။ ပိုမိုကျန်းမာသောပတ်ဝန်းကျင်သည် ကမ္ဘာလုံးဆိုင်ရာ ရောဂါဖြစ်ပွားမှု၏ လေးပုံတစ်ပုံ နီးပါးကို တားဆီးနိုင်သည်။ ကောင်းမွန်သော ကျန်းမာရေးသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည်။ စီးပွားရေးနှင့် လူမှုရေး မညီမျှမှုများတိုးပွားလာခြင်း၊ မြို့ပြအလျင်အမြန် ဖွံ့ဖြိုးလာခြင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများ၊ အိပ်ချ်အိုင်ဗွီနှင့် အခြားကူးစက်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးများနှင့် မကူးစက်နိုင်သော ရောဂါများ မြင့်မားလာခြင်း စသည့်တို့ကို ဖြေရှင်းရန်အတွက် အားလုံးလွှမ်းခြုံမှုရှိသော ကျန်းမာရေးစနစ်ရရှိရေးသည် ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ရန်နှင့် မညီမျှမှုများကိုလျှော့ချရန် အရေးပါသောအချက်တစ်ခု ဖြစ်သည်။

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများသည် လူသားတို့၏ဘဝနှင့် ကျန်းမာရေးအပေါ်တွင် နည်းအမျိုးမျိုးဖြင့် သက်ရောက်လျက်ရှိသည်။ ယင်းသည် ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်သော လေကောင်းလေသန့်၊ ဘေးကင်းသော သောက်သုံးရေ၊ အာဟာရပြည့်ဝသော အစားအစာနှင့် ဘေးကင်းလုံခြုံမှုရှိသော နေထိုင်ရာအဆောက်အအုံများကို ခြိမ်းခြောက်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် အပူလှိုင်းများ၊ တောမီးများ၊ ရေကြီးမှု၊ အပူပိုင်းမုန်တိုင်းများနှင့် ဟာရီကိန်းမုန်တိုင်းများ၏ ပြင်းထန်မှုနှင့် အကြိမ်ရေ တိုးလာလျက်ရှိသည်။ လေ့လာမှုများအရ လူပေါင်း ၃ ဒသမ ၆ ဘီလီယံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံရနိုင်ခြေများသော ဒေသများတွင် နေထိုင်နေရသည်ဟု ဆိုသည်။

**အဖြစ်အများဆုံး ရောဂါများ**

ကမ္ဘာပေါ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ ရောဂါများဖြစ်ပွားသည့် အကြောင်းရင်းများအနက် လေထုညစ်ညမ်းမှု၊ ရေနှင့် သန့်ရှင်းရေးပစ္စည်းများ လက်လှမ်းမမီမှု၊ အပူလှိုင်းများတိုးလာမှု၊ ပြင်းထန်သော ရာသီဥတုအခြေအနေများ၊ အန္တရာယ် ဖြစ်စေသော ဓာတုပစ္စည်းများကို ထိတွေ့မှုနှင့် အခြားအရာများ ပါဝင်သည်။ နှလုံးသွေးကြောကျဉ်းရောဂါ၊ နာတာရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ကင်ဆာရောဂါများအပါအဝင် မကူးစက်နိုင်သော ရောဂါများသည် ကျန်းမာရေးနှင့် မညီညွတ်သော ပတ်ဝန်းကျင်အခြေအနေများကြောင့် အဖြစ်အများဆုံးရောဂါများ ဖြစ်သည်။ ၂၀၁၆ ခုနှစ် တစ်နှစ်တာအတွင်း ကမ္ဘာလုံးဆိုင်ရာ သေဆုံးသူ ၁၃ ဒသမ ၇ သန်းအနက် ၂၄ ရာခိုင်နှုန်းသည် အသစ်သစ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကပ်ဘေးအန္တရာယ်များကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ကမ္ဘာလုံးဆိုင်ရာ သေဆုံးမှုနှုန်းအရ လူလေးဦးလျှင် တစ်ဦးသည် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများနှင့် ဆက်စပ်နေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ ဝင်ငွေနည်းနှင့် အလယ်အလတ်ရှိနိုင်ငံများတွင် ပြည်သူများသည် အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာ ရောဂါများ၏ ဝန်ထုပ်ကို အကြီးမားဆုံး ထမ်းရွက်နေကြရသည်။ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုအရှိဆုံး နိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပြီး လာမည့်နှစ်များအတွင်း ရင်ဆိုင်ကြုံတွေ့လာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်များအတွက် အထိခိုက်နိုင်ဆုံးနိုင်ငံလည်း ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခြင်းအပြင် မိမိတို့နိုင်ငံ၏ နှစ်စဉ် ဂျီဒီပီ၏ သုံးရာခိုင်နှုန်းကျော်အထိ ကုန်ကျနိုင်သည်ဟု ခန့်မှန်းထားပြီး ရေရှည်အကျိုးသက်ရောက်မှုများ ပိုမိုကြီးမားလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က သုံးသပ်ထားသည်။

**ကျန်းမာရေးဆိုင်ရာ ပြဿနာများ**

၂၀၃၀ ပြည့်နှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် အာဟာရချို့တဲ့ခြင်း၊ ငှက်ဖျားရောဂါ၊ ဝမ်းပျက်ခြင်းနှင့် အပူဒဏ်ကြောင့် တစ်နှစ်လျှင် လူပေါင်း ၂၅၀၀၀၀ ခန့် သေဆုံးနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။ ကျန်းမာရေးအတွက် တိုက်ရိုက်ဆုံးရှုံးမှု ကုန်ကျစရိတ်ပမာဏသည် ၂၀၃၀ ပြည့်နှစ် အရောက်တွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံမှ လေးဘီလီယံကြားရှိမည်ဟု ခန့်မှန်းထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ လူပေါင်းနှစ်ဘီလီယံသည် ဘေးကင်းသော သောက်သုံးရေ ပြတ်လပ်နေပြီး နှစ်စဉ် သန်း ၆၀၀ သည် အစားအစာကြောင့်ဖြစ်သော ရောဂါများကို ခံစားနေရသည်။ အသက် ငါးနှစ်အောက် ကလေးများ သေဆုံးမှု၏ ၃၀ ရာခိုင်နှုန်း အငတ်ဘေးကြောင့် ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် အာဖရိကနှင့် အာရှရှိ လူပေါင်း သန်း ၇၇၀ သည် ငတ်မွတ်ခေါင်းပါးမှုကို ရင်ဆိုင်ခဲ့ရသည်။ ရာသီဥတုပြောင်းလဲမှုသည် အစားအစာနှင့် အာဟာရဆိုင်ရာ အကျပ်အတည်းများကို ပိုမိုဆိုးရွားလာစေလျက်ရှိသည်။ အပူချိန်နှင့် မိုးရွာသွန်းမှု အပြောင်းအလဲများသည် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ရောဂါများ ပျံ့နှံ့မှုကို အားကောင်းစေသည်။ ကြိုတင်ကာကွယ်မှုမရှိပါက ထိုကဲ့သို့သော ရောဂါများကြောင့် သေဆုံးမှုသည် နှစ်စဉ် ၇၀၀၀၀၀ ကျော်အထိ မြင့်တက်လာနိုင်သည်။ ရာသီဥတုပြောင်းလဲမှုသည် စိုးရိမ်ပူပန်မှုနှင့် စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုကဲ့သို့ လက်ငင်းစိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေလျက်ရှိသည်။ မကြာသေးမီက သုတေသနပြုချက်အရ အပူကြောင့်သေဆုံးမှု ၃၇ ရာခိုင်နှုန်းသည် လူသားများကြောင့်ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုကြောင့်ဟု သတ်မှတ်ထားသည်။ အသက် ၆၅ နှစ်ကျော်သူများတွင် အပူကြောင့်သေဆုံးမှုများသည် ဆယ်စုနှစ် နှစ်ခုစာအတွင်း ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

**ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ကျန်းမာရေး**

ထို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် သဘာဝဘေးအန္တရာယ်များကို လျှော့ချရန် ရပ်ကွင်းလောင်စာများနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို လျှော့ချခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စံနှုန်းများဖြစ်သည့် ရာသီဥတုဒဏ်ခံနိုင်စေရေးနှင့် ရေရှည်တည်တံ့ကောင်းမွန်သော ပတ်ဝန်းကျင်ကျန်းမာရေးစနစ်များ တည်ဆောက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများကို ကြိုတင်ကာကွယ်ခြင်းတို့အပြင် ကုလသမဂ္ဂ၏ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀)၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ ပါရီသဘောတူညီချက်နှင့် အခြားသော ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ပန်းတိုင်များ အောင်မြင်စေရေး တွန်းအားပေးဆောင်ရွက်ခြင်းဖြင့် လေထုညစ်ညမ်းမှုများနှင့် ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။ ။

> ❑ **ကောင်းမွန်သော ကျန်းမာရေးသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည်။ ရာသီဥတုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများ၊ အိပ်ချ်အိုင်ဗွီနှင့် အခြားကူးစက်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးများနှင့် မကူးစက်နိုင်သော ရောဂါများ မြင့်မားလာခြင်း စသည့်တို့ကို ဖြေရှင်းရန်အတွက် အားလုံးလွှမ်းခြုံမှုရှိသော ကျန်းမာရေးစနစ်ရရှိရေးသည် ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ရန်နှင့် မညီမျှမှုများကို လျှော့ချရန် အရေးပါသောအချက်တစ်ခုဖြစ်**

**ကိုးကား -**

(၁) https://www.careourearth.com/world-environmental-health-day/
(၂) https://www.who.int/data/gho/data/themes/public-health-and-environment
(၃) https://www.who.int/news-room/fact-sheets/detail/climate-change-and-health

## ကယားပြည်နယ် ဝန်ကြီးချုပ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄)တက်ရောက်



**လွိုင်ကော် စက်တင်ဘာ ၂၅**

ကယားပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

ရှေးဦးစွာ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံဖြစ်ပွားမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊ ရေဝင်ရောက်မှုကြောင့် မြို့နယ်အတွင်း ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးနှင့် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ရန်၊ တိကျမှန်ကန်သော စာရင်းဇယားများကို မြို့ပေါ်သာမက ကျေးရွာပါမကျန် ကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု စာရင်းများကို အချိန်နှင့် တစ်ပြေးညီ မှန်ကန်စွာ ပြုစုတင်ပြရေး၊ ဖွဲ့စည်းထားသော ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ရာတွင် တက်ကြွစွာ ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဆွေးနွေးတင်ပြခဲ့ကြပြီး ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုကြောင့် သီးနှံများထိခိုက်ပျက်စီးခဲ့သည့် ဧရိယာများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်း

**ပဲခူး စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ စက်တင်ဘာ ၂၅ ရက်က တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုကြောင့် သီးနှံများ ထိခိုက်ပျက်စီးခဲ့သည့်ဧရိယာများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ပထမအကြိမ် ရေကြီးခဲ့စဉ်က မိုးသီးနှံများ ထိခိုက်ပျက်စီးခဲ့သော်လည်း အချိန်မီပြန်လည်ဖာထေးခြင်း၊ သားတက်ပွားစိုက်ပျိုးခြင်းများ ရာနှုန်းပြည့်ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း ဒုတိယအကြိမ် ရေကြီးရေလျှံမှုသည့် အချိန်ကာလကြာမြင့်ခြင်းကြောင့် မိုးသီးနှံထိခိုက်ပျက်စီးမှုများ များပြားလာနိုင်သဖြင့် သီးနှံ စိုက်ပျိုးထုတ်လုပ်မှု မထိခိုက်စေရေးအတွက် ဆောင်းသီးနှံနှင့် နွေစပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်၍ အောင်ရေပေးသည့်တမံများတွင် ရေဝင်ရောက်မှုကို ပိုမိုသိုလှောင်သိမ်းဆည်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိုးသီးနှံအလိုက် ထိခိုက်/ပျက်စီးကေများနှင့်ပတ်သက်၍ စာရင်းဇယားအချက်အလက်များ မှန်ကန်စွာကောက်ယူရရှိရေးနှင့် ပြန်လည်ကုစားနိုင်ရေး အစားထိုးစိုက်ပျိုးမည့် သီးနှံအမျိုးအစား၊ စိုက်ပျိုးမည့်သီးနှံပုံစံတို့ဖြင့် ပြန်လည်စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများက မိုးသီးနှံများ ရေမြုပ်ခဲ့မှု၊ ထိခိုက်မှု၊ ပျက်စီးမှုနှင့် ပြန်လည်ကုစားနိုင်ရေး အစားထိုးစိုက်ပျိုးမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးက ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးနစ်မြုပ်မှုပေါ် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ခဲ့မှုနှင့် စက်တင်ဘာလအတွင်း ဒုတိယအကြိမ် ရေကြီးရေလျှံခဲ့မှုကြောင့် မိုးသီးနှံအလိုက် ထိခိုက်ပျက်စီးခဲ့မှုအပေါ် သီးနှံအမျိုးအစားအလိုက် ပြန်လည်စိုက်ပျိုးမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌများက သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များ စုဆောင်းထားရှိမှု



အခြေအနေများကိုလည်းကောင်း တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။**(ယာပုံ)**



ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ လင်းခေးမြို့နယ်၊ မောက်မယ်မြို့နယ်တို့တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းအပြင် ရေကြီးမှုကြောင့်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရေတိုက်စားပျက်စီးခဲ့သည့် ကုက္ကိုစု-မရွေး-သနပ်ကန် လမ်းတံတား၏ချဉ်းကပ်လမ်း ပြန်လည်ပြုပြင်

**သာစည် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ရေတိုက်စားပျက်စီးခဲ့သည့် ကုက္ကိုစု - မရွေး - သနပ်ကန် လမ်းတံတား၏ ချဉ်းကပ်လမ်းကို စက်ယန္တရားများ အသုံးပြု၍ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ **(ဝဲပုံ)**

အဆိုပါ ရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်း ပေ ၅၀ နိမ့်ကျမှုဖြစ်ပေါ်ခဲ့ပြီး ချဉ်းကပ်လမ်းအရှည်ပေ ၁၀၀၊ အကျယ်ပေ ၂၀ ခန့် ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စက်ယန္တရားများဖြင့်မြေများဖို့ခြင်း ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကာ အဆိုပါလမ်းသည် ကျေးရွာသုံးရွာကို အကျိုးပြုဆက်သွယ်သွားလာသောလမ်းဖြစ်ကြောင်းနှင့် အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် သဲတော - သပြေတောင်းအကြား ရထားလမ်းပိုင်းရှိ ရေတိုက်စားပြီး ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရထားလမ်းတာပေါင်နှင့် တံတားများပြုပြင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန် - မန္တလေး ရထားလမ်းပိုင်းရှိ သဲတော - သပြေတောင်းအကြား ရထားလမ်းပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေတိုက်စားပြီး ပျက်စီးချို့ယွင်းမှုဖြစ်ပေါ်ခဲ့သည့် ရထားလမ်းတာပေါင်များနှင့် ရထာလမ်း တံတားနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ရန်ကုန်-မန္တလေးရထားခရီးစဉ်များအမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရထားလမ်းများ၊ တံတားများကို လူအင်အား၊ စက်ယန္တရား အင်အားများ အသုံးပြု၍ စနစ်တကျ ပြန်လည်ပြုပြင်သွားရန်၊ ရထားလမ်းတာပေါင် ကျဉ်းသောနေရာများ၊ ရေတိုက်စားထားသော နေရာများတွင် သတ်မှတ်အကျယ် ရရှိအောင် မြေဖို့ဖိကြိတ်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်နှင့် လမ်းပိုင်းကြံ့ခိုင်မှု ကောင်းမွန်အောင် ကျောက်ကြီးများချ၍ ပြုပြင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စမုံ - သပြေတောင်းအကြား ပျက်စီးချို့ယွင်းမှု ဖြစ်ပေါ်ခဲ့သည့် တံတားအမှတ် ၆၉၁ ၏ အဆန်တံတား ချဉ်းကပ်တာပေါင်၊ ကမ်းကပ်ခုံရေတိုက်စားမှုနှင့် Bored Pile များ အောက်ခြေတွင် ရေတိုက်စားခံရမှု ရှိ/ မရှိ အခြေအနေကို သွားရောက်စစ်ဆေးပြီး တံတားကမ်းကပ်ခုံ ရေတိုက်စားသွားသည့် နေရာတွင် Pile ရိုက်စက်ဖြင့် စနစ်တကျ Sheet Pile ရိုက်၍ သဲမှုတ်သွင်းခြင်း ဆောင်ရွက်သွားရန်၊ ပြုတ်ကျသွားသည့် အစုန်တံတား သံပေါင်များနေရာတွင် ယာယီဘေလီတံတား ထိုး၍ ပြုပြင်ဆောင်ရွက်သွားရန်၊ သံလမ်းပြန်ခင်းရာတွင်လည်း Alignment မှန်ကန်စေရေးအတွက် သံလမ်းအဖြောင့်ဆွဲခြင်း၊ လမ်းမြှောက်ပါကင်ရိုက်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်၊ လမ်းပိုင်းကြံ့ခိုင်မှု ကောင်းမွန်စေရေးတို့ကို စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်နှင့် လိုအပ်သည့် စက်ယာဉ်ယန္တရားများ အမြန်ရောက်ရှိစေရေး စီစဉ်ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ကောင်းမွန်အောင် စနစ်တကျပြုပြင်ရန်၊ လိုအပ်သည့်ပစ္စည်းများ လုံလောက်မှုရှိအောင် စီစဉ်ထောက်ပံ့ပေးသွားရန်၊ ပြန်လည်အသုံးပြုနိုင်သည့် ဆယ်တင်ပစ္စည်းများကို အလေအလွင့်မဖြစ်အောင် စနစ်တကျ ပြန်လည်အသုံးပြုသွားရန်နှင့် ရန်ကုန် - မန္တလေး ရထားလမ်းပိုင်းတွင် ပုံမှန်အတိုင်း လူစီးရထားနှင့် ကုန်ရထားခရီးစဉ်များ အမြန်ပြန်လည်ပြေးဆွဲနိုင်ရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါ်နုမြဖံ (၃၂) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ရန် လာအိုနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ကြီးမှူး၍ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၃၂) ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေး (32nd ASEAN Socio-Cultural Community (ASCC) Council Meeting) သို့ ပြည်ထောင်စုဝန်ကြီး ကိုယ်စားတက်ရောက်ရန် ယနေ့ညနေပိုင်းတွင် Myanmar Airways International လေကြောင်းဖြင့် ရန်ကုန်မြို့မှ လာအိုနိုင်ငံသို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး

" Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide"

၁.၁၀.၂၀၂၄ နေပြည်တော်

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ ဘာသာရပ်ဆိုင်ရာများ ဖတ်ရှုလေ့လာလျက်ရှိသော ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် စက်တင်ဘာ ၂၁ ရက် ညနေပိုင်းက ကွန်ပျူတာတက္ကသိုလ်(ပြည်) သို့ ရောက်ရှိခဲ့ပြီး စာကြည့်တိုက်တွင် စာမေးပွဲဖြေဆိုရန်အတွက် ဘာသာရပ်ဆိုင်ရာများ ဖတ်ရှုလေ့လာလျက်ရှိသော ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးရာ စာပေမှ တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများရရှိပုံကို ရှင်းလင်းပြောကြားပြီး စာမေးပွဲကာလပြီးပါက သုတ၊ ရသ စာကောင်းပေမွန်များ ဖတ်ရှုလေ့လာမှုနှုန်းကို မြှင့်တင်ဆောင်ရွက်သွားရန်၊ ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့အကျိုးပြု IT ပညာရှင် လူငယ်ကောင်းများ ဖြစ်စေရေး ရည်မှန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ၂၀ ကီလိုဝပ် ဆိုလာဟိုက်ဘရစ်စနစ်မှ ကွန်ပျူတာဆာဗာနှင့် ပင်မဆောင်ရှိ အခန်းများသို့ လျှပ်စစ်ဖြန့်ဖြူးပေးမှုများ၊ စာမေးပွဲခန်းများ၌ စာမေးပွဲဖြေဆိုထားရှိမှုများ၊ ကွန်ပျူတာခန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အခက်အခဲ လိုအပ်ချက် တင်ပြမှုများအပေါ် ဖြေရှင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ တက္ကသိုလ် Master Plan ရေးဆွဲထားမှုအပေါ် လိုအပ်သည်များ မှာကြား၍ ဤတက္ကသိုလ်မှ ရေးဆွဲတည်ထောင်သည့် တန်ခိုးကြီးဘုရားကြီးများ၏ Pagoda Digital Directory နှင့် အခြားဒေသအကျိုးပြု IT စီမံကိန်းများဆောင်ရွက်ရာတွင် တာဝန်ရှိသူများအပြင် ကျောင်းသား ကျောင်းသူများပါ ပါဝင်ဆောင်ရွက်သွားရန်၊ မကြာမီတွင် စာမေးပွဲကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းရွှင်လန်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စာမေးပွဲစည်းကမ်းများအတိုင်း အောင်မြင်စွာ ကျင်းပနိုင်ရေး စီမံချက်နှင့်အညီ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး



**မုံရွာ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး (၆/၂၀၂၄) ကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ရွှေဘိုနှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ဟန်ချက်ညီညီပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ကုန်သွယ်လုပ်ငန်းများစီးဆင်းမှု၊ ကုန်ဈေးနှုန်းများ တည်ငြိမ်မှုအတွက် မြို့ဝင်/မြို့ထွက်ဂိတ်များအပါအဝင် စစ်ဆေးရေးလုပ်ငန်းများ အားဆောင်ရွက်နေသူများအနေဖြင့် ခရီးသွားပြည်သူများအပေါ် အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာများနှင့် ခရိုင်/ မြို့နယ်အားလုံးသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် အမျိုးသားရေးရည်မှန်းချက်၊ နိုင်ငံရေးရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအား အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ကာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးဟန်က (၅/၂၀၂၄) အစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအပေါ် ဌာနဆိုင်ရာများမှ လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေ ရှင်းလင်းဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် လည်းကောင်း၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး တင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ပဲခူးမြစ်ရေ ပဲခူးမြို့တွင် စိုးရိမ်ရေမှတ် ရောက်ရှိနိုင် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုကြရန်

**နေပြည်တော် စက်တင်ဘာ ၂၅**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှေ့ပြောင်းနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၅**

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# နိုင်ငံတကာသတင်း

## ကမ္ဘာ့အကြီးဆုံး မီးရထားကုန်စည်ပြပွဲ ဘာလင်မြို့၌ ကျင်းပ

**ဘာလင် စက်တင်ဘာ ၂၅**

ကမ္ဘာ့အကြီးဆုံး မီးရထားသယ်ယူပို့ဆောင်ရေး ကုန်စည်ပြပွဲကို စက်တင်ဘာ ၂၄ ရက်က ဘာလင်မြို့တွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါပြပွဲ၏ အဓိကအကြောင်းအရာမှာ ရထားကဏ္ဍ၌ အသိဉာဏ်တုနည်းပညာနှင့် သန့်စင်သောလောင်စာ အသုံးပြုမှုဖြစ်ပြီး ကာဗွန်ထွက်ရှိမှု နည်းပါးသည့် သယ်ယူပို့ဆောင်ရေး စနစ်အဖြစ် ဆွဲဆောင်ရန်ဖြစ်သည်။

နိုင်ငံပေါင်း ၆၀ နီးပါးမှ ကုမ္ပဏီပေါင်း ၂၇၀၀ ကျော် Inno-Trans 2024 ပြပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ဆွစ်ဇာလန်နိုင်ငံမှ ရထားထုတ်လုပ်ရေး ကုမ္ပဏီ Stadler Rail သည် ဟိုက်ဒရိုဂျင်နှင့် ဘက်ထရီများဖြင့် မောင်းနှင်သည့် စက်ခေါင်းကိုပြသသည်။

ဂျပန်နိုင်ငံမှ ဟီတာချီကုမ္ပဏီသည်လည်း ထိန်းသိမ်းရေးစနစ်ကို ပြသခဲ့သည်။ ရထားအစိတ်အပိုင်းများ၏အခြေအနေကို အကဲဖြတ်ရန် အေအိုင်စနစ် အသုံးပြုခြင်းဖြစ်သည်ဟု ကုမ္ပဏီဘက်မှ ပြောသည်။

၎င်းသည် အမေရိကန်ကုမ္ပဏီကြီး Nvidia မှ ထုတ်လုပ်သည့် ကင်မရာများနှင့် ဆော့ဖ်ဝဲလ်ကို အသုံးပြုသည်။ ဘာလင်တွင် ပြသသည့် နည်းပညာသစ်သည် မီးရထား ထုတ်လုပ်သူများကြား အပြိုင်အဆိုင်များ တိုးတက်လာမှုကို ထင်ဟပ်စေသည်။

**အင်န်အိတ်ချ်ကေ**

## တောင်ဆူဒန်နိုင်ငံ၌ ဇန်နဝါရီလမှစတင်၍ ဝက်သက်ကြောင့် သေဆုံးသူ ၄၁ ဦးရှိ

**ဂျူဘား စက်တင်ဘာ ၂၅**

ဇန်နဝါရီလမှစတင်၍ တောင်ဆူဒန်နိုင်ငံတွင် ဝက်သက်ရောဂါကြောင့် သေဆုံးသူ ၄၁ ဦး အပါအဝင် ဝက်သက်ရောဂါဟု သံသယရှိသူပေါင်း ၃၁၆၀ ရှိလာပြီဟု တောင်ဆူဒန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတို့၏ စက်တင်ဘာ ၂၄ ရက် ပူးတွဲထုတ်ပြန်ချက်အရ သိရသည်။

ဝက်သက်ရောဂါ သံသယရှိလူနာဦးရေမှာ မတ်လတွင် အမြင့်ဆုံးသို့ရောက်ရှိလာပြီး ဇူလိုင်လမှစ၍ အတည်ပြုလူနာမရှိတော့ဟု တောင်ဆူဒန်နိုင်ငံ မြို့တော် ဂျူဘားတွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ဩဂုတ်လမှစတင်၍ ဒေသ ၁၅ ခုတွင် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ကလေးငယ် ၅၄၄၁၀၄ ဦးကို ဝက်သက်ဗိုင်းရပ်စ် ကာကွယ်ဆေး ထိုးပေးခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကပြောသည်။

သံသယလူနာ အများစုမှာ ငါးနှစ်အောက် ကလေးငယ်များဖြစ်ပြီး ၎င်းတို့မှာ ကာကွယ်ဆေး မထိုးရသေးသူများ သို့မဟုတ် ကာကွယ်ဆေးကို တစ်ကြိမ်သာ ရရှိထားသူများဖြစ်သည်။

သံသယလူနာအများဆုံး ရှိသည့် အသက်အုပ်စုမှာ အသက်တစ်နှစ်အောက် အုပ်စုဖြစ်ပြီး ကာကွယ်ဆေး မထိုးရသေးသည့် ကလေးများဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**



## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အီရှီခါဝါခရိုင်တွင် သေဆုံးသူ ကိုးဦးအထိ မြင့်တက်လာ

**တိုကျို စက်တင်ဘာ ၂၅**

ဂျပန်နိုင်ငံ အီရှီခါဝါခရိုင်တွင် စံချိန်တင်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူပေါင်း ကိုးဦးအထိ မြင့်တက်လာကြောင်း အရေးပေါ်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်ကုန်က ခရိုင်ရှိနိုတိုဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ကယ်ဆယ်ရေးသမားများက ဝါဂျီမမြို့တွင် နောက်ထပ်ရုပ်အလောင်းတစ်ခုကို တွေ့ရှိခဲ့ကြောင်း သိရသည်။ သေဆုံးသူမှာ အမျိုးသမီးဖြစ်ပုံရကြောင်းလည်း ၎င်းတို့က ပြောသည်။

နှစ်ဦးပျောက်ဆုံးနေပြီး အခြားခြောက်ဦးမှာ အဆက်အသွယ်မရသေးကြောင်း ခရိုင်တာဝန်ရှိသူများကပြောသည်။ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဝါဂျီမမြို့၊ ဆူဇူမြို့နှင့် နိုတိုမြို့တို့ရှိ နေရာ ၄၆ ခုမှာ အဆက်အသွယ်ပြတ်တောက်နေဆဲဖြစ်ကြောင်း သိရသည်။

ဝါဂျီမရှိ အဆက်အသွယ်ပြတ်တောက်နေသည့် နေရာများတွင် နိုတိုဒေသကို ပျက်စီးမှုဖြစ်ပွားစေသော နှစ်သစ်ကူးနေ့တွင် လှုပ်ခတ်ခဲ့သည့် ငလျင်မှ အသက်ရှင်လွတ်မြောက်သူများ၏ ယာယီအိမ်ရာများလည်း ပါဝင်ကြောင်း သိရသည်။ ယင်းအိမ်ရာတွင် နေထိုင်သူအချို့က မြို့ပြင်ဘက်သို့ အုပ်စုလိုက်ရွှေ့ပြောင်း တိမ်းရှောင်ရေးနှင့် ပတ်သက်ပြီး တောင်းဆိုထားသည်။

ခရိုင်အစိုးရသည် ၎င်းတို့နေရာပြောင်းရွှေ့ရေး အစီအစဉ်များကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ရေနံချောင်းမြို့၌ ဘုန်းကြီးဝတ်နေသူတချို့ကို စစ်မှုထမ်းရန် တိမ်းရှောင်သည်ဟုဆိုကာ တပ်မတော်က သင်္ကန်းချွတ်ခိုင်းပြီး အဓမ္မဖမ်းဆီး ခေါ်ဆောင်နေကြောင်း သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် စက်တင်ဘာ ၂၅

**မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စုတွင် တပ်မတော်က လူငယ်များကို အတင်းအဓမ္မဖမ်းဆီးခြင်းများ လုပ်ဆောင်နေသဖြင့် လူငယ်များနှင့် အမျိုးသားများ တိမ်းရှောင်မှုများ အလွန်များပြားလာကြောင်း၊ တချို့မှာ ဘုန်းကြီးကျောင်းများတွင် သင်္ကန်းစည်းပြီး ဘုန်းကြီးဝတ်ဖြင့် နေထိုင်ကြကြောင်း၊ ထို့ကြောင့် တပ်မတော်က ဝက်မစွတ်ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းကြီးကျောင်းတချို့ကို ဝင်ရောက်စိစစ်ပြီး ဘုန်းကြီးဝတ်ထားသူများကို သင်္ကန်းချွတ်ခိုင်းကာ စစ်သားအဖြစ် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်မှုများ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာက သတင်းအမှားများ ရေးသားထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရသည်။**

### ဝါဒဖြန့်ထုတ်လွှင့်နေ

အဆိုပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံကိုအလုံးစုံ ပျက်သုဉ်းလိုသည့် အကြမ်းဖက်၊ လောက်ကောင်များက ဘာသာရေးကို ခုတုံးလုပ်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လျက်ရှိသည့် ပြည်သူလူထုနှင့် တပ်မတော်အကြား သွေးခွဲရန်နှင့် အထင်အမြင်လွဲမှားစေရန်၊ သွေးထိုးလှုံ့ဆော်ဝါဒဖြန့် ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၅) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်း စစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ မိဘပြည်သူများကို အထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ပူပန်မှုမြင့်တက်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံဖန်တီးရေးသားထုတ်လွှင့်ခြင်းသာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

**သတင်းစဉ်**

**ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “ဖြူပြာမင်းနိုင်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ (၂) ရပ်ကွက်နေ ဖြူပြာမင်းနိုင် (ခ) အငယ်လေးအား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပွဲတန်ဆာ နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင် မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၂၇၀ တန်၊ အခြားသစ် ၀ ဒသမ ၉၁၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၂၈၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၃ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၀၂၈၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၃လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၂၁၃၀၉) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၁၀၂၆၃၂) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၉၇၂၄၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၅၉၂၁၁၈၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၁၁၃ တန်၊ အခြားသစ် ၀ ဒသမ ၂၂၇ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၅၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ကီလိုဂရမ် ၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရလည်းကောင်း၊ မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာအနီး၌ လိုင်စင်မဲ့ မော်တော်ယာဉ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင် လမ်း၊ မိုင်တိုင်အမှတ် (၂၁) အနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၃၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး၊ Toyota Corolla Fielder တစ်စီး၊ Nissan Caravan Mini Bus တစ်စီး စုစုပေါင်း မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၀၀၀၀၀၀) ကိုလည်းကောင်း၊ မန္တလေးမြို့အဝင် ထုံးဘိုစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၄၃၄၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၄၇၅၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ အဝေးပြေးကားဝင်း တော်ဝင်ထွန်းကားဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၉ ဒသမ ၀၁၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၄၇၇၇၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၄၇၇၇၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက်၊ တရုတ်ဘုံကျောင်းအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ရွှေပြည်တန်ရပ်ကွက် အဝေးပြေးကားဝင်းအသစ်ရှိ ရွှေစင်စကြာကားဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၅၃)မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၅၇၄၀၀၅၁ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ပြိုင်ပွဲတွင် သန်လျင်ခရိုင်အသင်း စုပေါင်းတံခွန်စိုက်ဖလားဆွတ်ခူး

**ရန်ကုန် စက်တင်ဘာ ၂၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်အကြို ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော် အသက် ၂၀ နှစ်အောက် အမျိုးသားဖူဆယ်အားကစား ဗိုလ်လုပွဲပြိုင်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်အမျိုးသားအားကစား ပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲ ကျင်းပရာ အမျိုးသားဖူဆယ် ဘောလုံးပြိုင်ပွဲတွင် တတိယဆုရ ဗိုလ်တထောင်ခရိုင်အသင်းအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်ကလည်းကောင်း၊ ဒုတိယဆုရရှိသော အင်းစိန်ခရိုင်အသင်းအား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ ပထမဆုရရှိသော မရမ်းကုန်းခရိုင်အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲများ၌ တတိယရွှေတံဆိပ် ၃၃ ဆုရရှိသော မင်္ဂလာဒုံခရိုင်အသင်းအား တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ဒုတိယရွှေတံဆိပ် ၃၄ ဆုရရှိသော အလုံခရိုင်အသင်းအား ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က ဆုငွေနှင့် ဆုဖလားချီးမြှင့်ပေးကာ ပထမရွှေတံဆိပ် ၄၁ ဆုရရှိသော သန်လျင်ခရိုင်အသင်းအား ငွေကျပ်သိန်း ၁၀၀ နှင့် စုပေါင်းတံခွန်စိုက်ဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးမြှင့်ပေးသည်။ အဆိုပါပြိုင်ပွဲများကို စက်တင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး ခရိုင် ၁၄ ခရိုင်မှ ကစားသမား ၂၄၀၇ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **အာကာစိုး**




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပထမရွှေတံဆိပ် ၄၁ ဆုရရှိသော သန်လျင်ခရိုင်အသင်းအား စုပေါင်းတံခွန်စိုက်ဖလား ချီးမြှင့်စဉ်။

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၅**

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသူများကို ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည်-

## ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ

**အဆင့်မြင့်ပညာအဆင့် ဆရာ/ဆရာမများ**

**ခေါင်းစဉ် - “အနာဂတ် စိန်ခေါ်မှုများနှင့် ဆရာ၏အခန်းကဏ္ဍ”**

ပထမ - ဒေါ်အိအိသော်၊ လရိပ်ချို (မြန်မာစာ)၊ နည်းပြ၊ မြန်မာစာဌာန၊ မိတ္ထီလာပညာရေး ဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

ဒုတိယ - ဒေါ်မိုးမိုးခိုင်၊ ကထိက၊ သမိုင်းသင်ပြနည်းဌာန၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

တတိယ - ဒေါ်မေဇင်ဦး၊ မေဦး(မြန်မာစာ)၊ နည်းပြ၊ ပညာရေးဖွံ့ဖြိုးမှုဘာသာရပ်များဌာန၊ လှည်းကူးပညာရေး ဒီဂရီကောလိပ်၊ ရန်ကုန်တိုင်းဒေသကြီး

**အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးနှင့်အထက် အရာထမ်းများအဆင့်**

**ခေါင်းစဉ် - “ ဆရာသည်သာ အခရာ”**

ပထမ - ဒေါက်တာနန်းအိဖြိုးမွန်၊ နန်းမွန် (ပညာရေး)၊ လက်ထောက်ညွှန်ကြားရေးမှူး(ပညာဌာန)၊ နေပြည်တော်ပညာရေးမှူးရုံး(တွဲဖက်)

ဒုတိယ - ဒေါ်ခင်ဆွေဦး၊ ကျောင်းအုပ်ကြီး၊ အလက (၂၉)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးတိုင်းဒေသကြီး

တတိယ - ဒေါ်အိအိခိုင်၊ ဧကရီ(ကျောင်းကုန်း) ၊ကျောင်းအုပ်ကြီး၊ အခြေခံပညာ အထက်တန်းကျောင်း၊ တကုန်းကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းဆင့် သင်ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - “ လိုချင်သောပညာအတွက် လိုအပ်သောဆရာ”**

ပထမ - ဒေါ်လေးလေးနွယ်၊ မလေး(ပညာရေး)၊ အထက်တန်းပြ၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - ဒေါ်လွင်လွင်ဟန်၊ လွင်(မြန်မာစာ)၊ အထက်တန်းပြ၊ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ - ဒေါ်စန်းမော်၊ မိုးဝသန်(မြဝတီ)၊ အထက်တန်းပြ ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မြဝတီမြို့၊ ကရင်ပြည်နယ်

**အခြေခံပညာအလယ်တန်းဆင့်နှင့် မူလတန်းဆင့် သင်ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - “ လိုချင်သောပညာအတွက် လိုအပ်သောဆရာ”**

ပထမ - ဒေါ်သီတာခိုင် (သီတာဝင့်)၊ ဒုတိယမူလယ်တန်းပြ၊ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဒုတိယ - ဒေါ်စိုးစန္ဒာလွင်၊ ဒုတိယမူလတန်းပြ၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - ဒေါ်နှင်းဝါထွန်း(စနိုး)၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း၊ မလွန်၊ မင်းလှမြို့နယ်၊မကွေးတိုင်းဒေသကြီး

## ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် - “ဘဝလမ်းညွှန် ဆရာမွန်”**

ပထမ - မောင်ဇင်ဖြိုးကျော်၊ တတိယနှစ်၊ ပထမနှစ်ဝက်၊ ဘိုကလေးပညာရေးဒီဂရီကောလိပ်၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မလင်းလွဲ့လွဲ့ဝေ၊ တတိယနှစ်၊ ပထမနှစ်ဝက်၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

တတိယ - မအေးအေးအောင်၊ ပထမနှစ်၊ ဒုတိယနှစ်ဝက်၊ မုံရွာပညာရေးဒီဂရီကောလိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် - “ ပညာဥယျာဉ်မှူး”**

ပထမ - မောင်ကောင်းခန့်ကျော်၊ Grade-12 ၊ အခြေခံပညာအထက်တန်းကျောင်း၊ တံခွန်တိုင်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - မဝေဝေလွင်၊ Grade-11 ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကညင်ပင်၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

တတိယ - မထက်အိန္ဒြာလှိုင်၊ Grade-11 ၊ လမ်းပြကြယ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် - “ဆရာမပြ နည်းမကျ”**

ပထမ - မောင်ညဏ်လင်းမြတ်၊ Grade-9 ၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မသန္တာအေး၊ Grade-9 ၊ အခြေခံပညာအထက်တန်းကျောင်း၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)

တတိယ - မမျိုးသဇင်ကျော်၊ Grade-9၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲ

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် - “ဘဝရှေ့ဆောင် မီးရှူးရောင်”**

ပထမ - မောင်ညဏ်လင်းမြင့်၊ တတိယနှစ်၊ ပထမနှစ်ဝက်၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - မဝေဝေထွန်း၊ ပညာရေးဘွဲ့သင်တန်း၊ တတိယနှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - မောင်ချစ်မင်းဦး၊ ဒုတိယနှစ်၊ ဒုတိယနှစ်ဝက်၊ မကွေးပညာရေးဒီဂရီကောလိပ်၊ မကွေးတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် - “ ကြယ်ရူပံပမာ မြတ်ဆရာ”**

ပထမ - မနှင်းအိဝင့်လွှာ၊ Grade-12 ၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မဇူးဇူးဇင်၊ Grade-11 ၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်

တတိယ - မောင်သန်းမြတ်မိုး၊ Grade-11၊ အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် - “ ဆရာသခင် ကျေးဇူးရှင်”**

ပထမ - မနေခြည်လင်းလက်၊ Grade-6၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မောင်ပြည့်စုံမြတ်သူ၊ Grade-9၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

တတိယ - မအေးပပသော်၊ Grade-9 ၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာလ ၃ ရက် (ကြာသပတေးနေ့) ညနေထက် နောက်မကျဘဲ နေပြည်တော်၊ စည်ပင်တည်းခိုရိပ်သာ အမှတ် (၁) တွင် တည်းခိုနိုင်ရန်အတွက် ဦးအောင်လှိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန (ဖုန်း-၀၉၈၉၀၂၄၈၈၈၄) နှင့် ဦးစိုင်းထွန်းအောင်ကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန (ဖုန်း-၀၉၂၆၅၃၈၇၂၈၁)၊ နေပြည်တော်ထံ ဆုရရှိသူ (+၁)သာ ရောက်ရှိ (မပျက်မကွက်)သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဒုတိယဆု

# ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး

ဇေယျာ




**နိဒါန်း**

ယဉ်ကျေးမှုများအကြား ဆက်သွယ်ပေးသည့်ပေါင်းကူးတံတားအဖြစ် အမွှမ်းတင်ကာ ချီးကျူးခံရလေ့ရှိသော ခရီးသွားလုပ်ငန်းကို ကမ္ဘာ့နိုင်ငံများအတွက် ချစ်ကြည်ငြိမ်းချမ်းရေးနှင့် အပြန်အလှန်နားလည်မှုမြှင့်တင်ရန် အစွမ်းထက်သည့်ကိရိယာတစ်ခုအဖြစ် ကာလရှည်ကြာကပင် အသိအမှတ်ပြုခဲ့ကြသည်။ သဘောထားကွဲလွဲမှုများ၊ ပဋိပက္ခများ၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာတင်းမာမှုများဖြင့် ပြည့်နှက်လျက်ရှိသော ယနေ့ကမ္ဘာကြီးတွင် ခရီးသွားလုပ်ငန်းသည် တွေ့ဆုံဆွေးနွေးရေး၊ ဆက်ဆံရေးထူထောင်ရေးနှင့် ပိုမိုငြိမ်းချမ်းသော ကမ္ဘာ့အသိုက်အဝန်း တည်ထောင်ရေးတို့အတွက် တစ်မူထူးခြားစွာ ဆက်သွယ်ပေးနိုင်သော လမ်းကြောင်းတစ်ခုဟုဆိုပါက မှားမည်မဟုတ်ချေ။ သို့ရာတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပထဝီဝင်နိုင်ငံရေးဆိုင်ရာ အခြေအနေများ စသည့်လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာ့အခင်းအကျင်းများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတို့အပေါ် ကြီးမားစွာသက်ရောက်မှုရှိနေကြောင်း သတိပြုရမည်ဖြစ်သည်။

**စီးပွားရေးအရ အပြန်အလှန်အကျိုးပြုရေး**

နိုင်ငံခြားဝင်ငွေရရှိရန် နိုင်ငံတကာခရီးသွားများအပေါ် အထူးမှီခိုနေရသော နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများစွာတို့အတွက် ခရီးသွားလုပ်ငန်းသည် အဓိကစီးပွားရေး မောင်းနှင်အားတစ်ရပ်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး စီးပွားရေးဆိုင်ရာ အကျိုးအမြတ်ရရှိနိုင်ခြင်းကြောင့် နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်ကြောင်း သက်သေများ အခိုင်အမာ ရရှိထားပေသည်။ သာဓကအနေဖြင့် မော်လ်ဒိုက်နိုင်ငံသည် ခရီးသွားလုပ်ငန်းမှ ရရှိသောဝင်ငွေကို မှီခိုအားထားနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ပြည်တွင်းတည်ငြိမ်ရေးနှင့် နိုင်ငံတကာနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ရန် အထူးဂရုပြုဆောင်ရွက်ရသည်။ အစိုးရသည် နိုင်ငံ၏ အဓိကဝင်ငွေဖြစ်သော ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေကို အသုံးပြု၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရုံသာမက အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအတွက် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုပါ ပံ့ပိုးပေးလျက်ရှိသည်။ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုရှိသော မော်လ်ဒိုက်နိုင်ငံတွင် ခရီးသွားလုပ်ငန်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိနေပြီး ပြည်သူလူထုသည်လည်း အေးချမ်းတည်ငြိမ်သော လူမှုအသိုက်အဝန်းကို ထူထောင်လာနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

**ယဉ်ကျေးမှုဖလှယ်ရေးနှင့် နားလည်မှု တည်ဆောက်ရေး**

ခရီးသွားလုပ်ငန်းသည် ပြည်သူချင်း ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် မတူညီသော ယဉ်ကျေးမှုများဖလှယ်ရေးနှင့် နားလည်မှု တည်ဆောက်ရေးကို အထောက်အပံ့ပေးသည်။ ယဉ်ကျေးမှုမတူညီသော နိုင်ငံများအကြား အပြန်အလှန်နားလည်မှု တည်ဆောက်နိုင်ခြင်းသည် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန်အတွက် အရေးပါသော ကိစ္စရပ်တစ်ခုဖြစ်သည်။ ပါလက်စတိုင်းဒေသရှိ ခရစ်ယာန်ဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေရာတစ်ခုဖြစ်သော ခရစ်တော်ဖွားမြင်ရာ Bethlehem မြို့သည် ဘာသာရေးအရ ထူးခြားစွာ အရေးပါသဖြင့် နှစ်စဉ်သန်းနှင့်ချီသော ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။ အစ္စရေးနှင့် ပါလက်စတိုင်းနိုင်ငံတို့အကြား ပဋိပက္ခများ ဆက်လက်ရှိနေဆဲဖြစ်သော်လည်း အဆိုပါဒေသ၏ ခရီးသွားလုပ်ငန်းသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေပြီး နိုင်ငံတကာမှခရီးသည်များနှင့် ဒေသခံပြည်သူများ၏ ကူးလူးဆက်ဆံမှုများက ပုံမှန်တိုးတက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုကြောင့် နိုင်ငံတကာခရီးသွားများအနေဖြင့် အဆိုပါဒေသ၏ ရှုပ်ထွေးသော သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများအား နားလည်သဘောပေါက်လာပြီး ဖြစ်ပွားနေသော ပဋိပက္ခများအပေါ် စာနာနားလည်မှုများ ပိုမိုဖြစ်ပေါ်လာစေသည်။ ထိုသို့ နားလည်မှုနှင့် စာနာမှုများက နိုင်ငံတကာအသိုက်အဝန်းနှင့် ဒေသခံပြည်သူများအကြားတွင် စည်းလုံးညီညွတ်မှုကို မြှင့်တင်ရန် အထောက်အကူဖြစ်စေသည်။

**လူမှုအသိုက်အဝန်း ပေါင်းစည်းညီညွတ်ရေး**

ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အားလျော်စွာ ညီညွတ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုရှိလျှင် ပိုမိုလျင်မြန်စွာဖွံ့ဖြိုးတိုးတက်နိုင်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် လူမှုအသိုက်အဝန်းအတွင်း ပေါင်းစည်းညီညွတ်မှုကို အားကောင်းစေသည်ဟုဆိုနိုင်သည်။ ရဝမ်ဒါနိုင်ငံရှိ ဟူတူမျိုးနွယ်စုများနှင့် တွတ်ဆီမျိုးနွယ်စုများအကြား ၁၉၉၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှုများနောက်ပိုင်းအစိုးရ၏ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်မှုများကို အထူးအလေးထား ဆောင်ရွက်ခဲ့သည်။ ရဝမ်ဒါနိုင်ငံအစိုးရသည် နိုင်ငံတကာ ခရီးသွားများကို ရဝမ်ဒါသို့ လာရောက်လည်ပတ် လေ့လာရန် ဆွဲဆောင်နိုင်ရုံသာမက ဒေသခံပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာ၌ နိုင်ငံ၏ကြွယ်ဝသော သဘာဝအရင်းအမြစ်များအပေါ်တွင် အခြေခံကာ ရင်းနှီးမြှုပ်နှံမှုအနည်းငယ်ဖြင့် ဆောင်ရွက်နိုင်သည့် ဂေါ်ရီလာမျောက်ဝံများကို ကြည့်ရှုလေ့လာသည့် ခြေကျင်ခရီးကြမ်းများ ကဲ့သို့သော သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အဓိကထား၍မြှင့်တင်ခဲ့သည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ တွန်းအားပေးဆောင်ရွက်မှုများကြောင့် ဒေသခံပြည်သူများ၏ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းဆောင်ရည်များမြင့်မားလာခြင်း၊ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ခြင်း၊ ပြည်သူများက ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များအပေါ် လေးစားတန်ဖိုးထားမှုများ မြင့်တက်လာခြင်း အစရှိသည့် သိသာထင်ရှားသည့် အကျိုးကျေးဇူးများစွာ ရရှိခဲ့သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းမှရရှိလာသည့် စီးပွားရေးနှင့် အခြားအကျိုးကျေးဇူးများကို ဒေသခံပြည်သူများလည်း ခွဲဝေခံစားရရှိလာသဖြင့် ရဝမ်ဒါနိုင်ငံအတွင်းရှိ မတူညီသော မျိုးနွယ်စုများ၊ လူမှုအသိုက်အဝန်းများအကြား တည်ငြိမ်ရေးနှင့်ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် များစွာ အထောက်အကူဖြစ်စေခဲ့သည်။

**လူမှုအသိုက်အဝန်းများ တည်ငြိမ်ရေး**

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုအသိုက်အဝန်းများ၏ တည်ငြိမ်ရေးကို မြှင့်တင်ပေးသဖြင့် ငြိမ်းချမ်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည်။ ဝင်ငွေရရှိရေးအတွက် သစ်ထုတ်လုပ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိကထား၍ လုပ်ကိုင်ခဲ့ကြရသည့် ကော်စတာရီကာပြည်သူများသည် အကျိုးဆက်အနေဖြင့် သစ်တောများပြုန်းတီးခြင်း၊ လူမှုရေးပဋိပက္ခများနှင့် မြေယာအသုံးချမှုဆိုင်ရာ ပြဿနာများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ပြည်တွင်းစစ်ပြီးဆုံးသည့် ၁၉၄၈ ခုနှစ်နောက်ပိုင်းတွင် ကော်စတာရီကာအစိုးရသည် ပဋိပက္ခများကို ဖြေရှင်းနိုင်မည့် ငြိမ်းချမ်းသောနည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်ခဲ့သည်။ ဒေသခံပြည်သူများအတွက် ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် သဘာဝအရင်းအမြစ်များကို ကာကွယ်ရန်အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို နည်းလမ်းတစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်ခဲ့သည်။ ခရီးသွားလုပ်ငန်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဒေသခံပြည်သူများ၏ မြေယာအသုံးချမှုနှင့် သဘာဝအရင်းအမြစ်များကို ခွဲဝေအသုံးချရေးဆိုင်ရာ ပဋိပက္ခများကို တားဆီးနိုင်ခဲ့သည်။ ဒေသခံပြည်သူများကလည်း သဘာဝအရင်းအမြစ်များအား ခရီးသွားလုပ်ငန်းတွင် ထိရောက်ကောင်းမွန်စွာ အသုံးချခြင်းဖြင့် အရင်းအမြစ်များကို ထိန်းသိမ်းနိုင်ပြီး ရေရှည်အတွက်ပါ စီးပွားရေးအကျိုးအမြတ်များရရှိနိုင်ကြောင်း သိရှိနားလည်လာခဲ့ကြသည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် နိုင်ငံ၏တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းလာနိုင်သည့် ကော်စတာရီကာနိုင်ငံသည် ငြိမ်းချမ်းသာယာသောနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်လာနိုင်ခဲ့သည်။

**ရင်ဆိုင်နေရသော စိန်ခေါ်မှုများ**

ငြိမ်းချမ်းရေးကို မြှင့်တင်ရန် အလားအလာကောင်း များစွာရှိသော ခရီးသွားလုပ်ငန်းသည် ယနေ့အချိန်တွင် စစ်မက်များဖြစ်ပွားမှု၊ ကပ်ရောဂါများဖြစ်ပွားမှုနှင့် ရာသီဥတုပြောင်းလဲမှု စသည့် ဖြစ်စဉ်များနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။

**စီမံခန့်ခွဲမှုလိုအပ်ချက်များ**

အချို့သောနိုင်ငံများနှင့် ဒေသများတွင် ခရီးသွားလုပ်ငန်းသည် အထိန်းအကွပ်မဲ့စွာ ကြီးထွားလာပြီး ခရီးသွားဧည့်သည်များ အဆမတန်များပြားစွာ လာရောက်လည်ပတ်သဖြင့် ဒေသခံလူမှုအသိုက်အဝန်းများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို ဖြစ်ပေါ်လာစေသည်။ အီတလီနိုင်ငံရှိ ဗင်းနစ်မြို့သည် ဤကဲ့သို့သောဖြစ်စဉ်၏ အဓိကဥပမာတစ်ခုဖြစ်သည်။ မြို့တော်၏သမိုင်းဝင်ကျက်သရေရှိမှုသည် နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် သန်းပေါင်းများစွာကို ဆွဲဆောင်နိုင်သော်လည်း လာရောက်လည်ပတ်သူအရေအတွက် များပြားလွန်းသဖြင့် အဆိုပါမြို့၏အခြေခံအဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် မနိုင်ဝန်ထမ်းရသကဲ့သို့ ဖြစ်ပွားစေပြီး ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ပျက်စီးယိုယွင်းလာစေသဖြင့် နိုင်ငံတကာခရီးသွားများနှင့် ဒေသခံပြည်သူများအကြားတွင် တင်းမာမှုများ ဖြစ်ပေါ်လာခဲ့သည်။ ထိုကဲ့သို့ ဖြစ်စဉ်များကြောင့် စီမံခန့်ခွဲသူများအနေဖြင့် ခရီးသွားလုပ်ငန်း ကြီးထွားရေးနှင့် စီးပွားရေး အမြတ်အစွန်းရရှိရေးကိုသာ အဓိကထား ဆောင်ရွက်ခြင်းမပြုရန်၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ခရီးသွားလုပ်ငန်း၏ ကောင်းမွန်သော အကျိုးခံစားခွင့်များကို ဒေသခံပြည်သူများ အချိုးမျှတစွာရရှိနိုင်စေရေးအတွက် ဟန်ချက်ညီမှုရှိစွာ ဆောင်ရွက်ရန်နှင့် စနစ်တကျစီမံခန့်ခွဲရန် အရေးကြီးကြောင်း ဝေဖန်ထောက်ပြမှုများ ထွက်ပေါ်လာခဲ့သည်။

**တည်ငြိမ်မှုနှင့် လုံခြုံရေး**

ထို့ပြင် နိုင်ငံရေးမတည်ငြိမ်မှုနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်နေရမှုများသည် ခရီးသွားလုပ်ငန်းဖြင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်မည့် အလားအလာကောင်းများကို ဟန့်တားနေသည့် အဓိက အတားအဆီးများဖြစ်သည်။ ဆီးရီးယား၊ ယီမင် စသည့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအချို့တွင် ဖြစ်ပွားနေသော ပဋိပက္ခများနှင့် စစ်ပွဲများကြောင့် ခရီးသည်များ လာရောက်လည်ပတ်ခြင်း မရှိတော့သဖြင့် *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ခရီးသွားလုပ်ငန်းကို ထိခိုက်ပျက်ပြားစေပြီး ဒေသခံများအနေဖြင့် စီးပွားရေးကျပ်တည်းမှုများဖြစ်လာကာ လူမှုရေးတင်းမာမှုများကို ပိုမိုတိုးပွားလာစေခဲ့သည်။ အလားတူစွာ အီဂျစ်နိုင်ငံသည်လည်း မကြာသေးမီနှစ်များအတွင်းက နိုင်ငံရေးမငြိမ်သက်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ သို့ရာတွင် အီဂျစ်အစိုးရသည် နိုင်ငံအတွင်း တည်ငြိမ်မှုပြန်လည်ရရှိရန်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အလွန်အရေးပါသောကဏ္ဍဖြစ်သည့် ခရီးသွားလုပ်ငန်းအား ပြန်လည်မြှင့်တင်ရန်အတွက် ပြည်တွင်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

**အကျိုးအမြတ်ခွဲဝေရေးဆိုင်ရာ မမျှတမှုနှင့် ချန်လှပ်ခံရမှု**

ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်နေသည့်ကဏ္ဍများအားလုံးကို ကောင်းမွန်စွာစီမံခန့်ခွဲမှု မပြုလုပ်နိုင်ပါက အကျိုးအမြတ်ခွဲဝေရရှိမှုအပေါ်တွင် မညီမျှမှုများဖြစ်ပေါ်စေပြီး ခရီးသွားလုပ်ငန်းတွင် အများပြည်သူ ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဘေးဖယ်ချန်လှပ်ခံရခြင်းများ ဖြစ်ပွားစေနိုင်သည်။ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ခရီးသွားလုပ်ငန်းအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် စီးပွားရေးအကျိုးအမြတ်များစွာရရှိနေသော်လည်း အဆိုပါ အကျိုးအမြတ်များကို ဒေသခံပြည်သူများက အချိုးအစားညီမျှစွာ ခွဲဝေရရှိခြင်း မရှိပေ။ ဒေသခံပြည်သူများအနေဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လိုသော်လည်း အရင်းအနှီး၊ နည်းပညာနှင့် အဆက်အသွယ် စသည့်အချက်များတွင် စီးပွားရေးလုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများနှင့် ယှဉ်ပြိုင်လုပ်ကိုင်ရန် မည်သို့မျှ မဖြစ်နိုင်ပေ။ ထို့ကြောင့် ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေအများစုကို နိုင်ငံတကာ စီးပွားရေးလုပ်ငန်းစုများ၊ ကုမ္ပဏီကြီးများကသာ သိမ်းယူသွားသောကြောင့် ဒေသခံလူထုမှာ ဝင်ငွေအနည်းငယ်မျှကိုသာ အကန့်အသတ်ဖြင့် ခွဲဝေရရှိနေသည်။ ထိုသို့အကျိုးအမြတ်ခွဲဝေမှုဆိုင်ရာ မညီမျှမှုနှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဘေးဖယ်ချန်လှပ်ခံရမှုများကြောင့် လူမှုရေးတင်းမာမှုများ၊ အမုန်းတရားများနှင့် ဆန္ဒပြမှုများဖြစ်ပေါ်လာနိုင်ပြီး ဒေသတွင်း မတည်ငြိမ်မှုများ ဖြစ်ပေါ်လာစေနိုင်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုများကို ဘေးဖယ်ချန်လှပ်ထားခြင်းမပြုရန်နှင့်ဒေသခံများ ပိုမိုပါဝင်ဆောင်ရွက်နိုင်စေမည့် ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများနှင့် အစီအမံများကို ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပညာရှင်များက ထောက်ပြပြောဆိုခဲ့ကြသည်။

**တာဝန်သိခရီးသွားလုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများ**

ငြိမ်းချမ်းရေးရရှိရန် အလားအလာများကို အတားအဆီးဖြစ်နေသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် တာဝန်သိခရီးသွားလုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများကို မြှင့်တင်ဆောင်ရွက်ရန် အရေးကြီးကြောင်း ဆက်လက်ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

**လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးဆိုင်ရာ အစီအမံများ**

ခရီးသွားများ၊ အစိုးရများနှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် ဒေသခံများ၏ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုက်အဝန်းများ၏ ဓလေ့ထုံးစံများကို လေးစားလိုက်နာတန်ဖိုးထားသော တာဝန်သိခရီးသွားလုပ်ငန်း လုပ်ထုံးလုပ်နည်းများကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်။ ခရီးသွားလုပ်ငန်းကို ထိရောက်သော စီမံခန့်ခွဲမှုများ မပြုလုပ်နိုင်ပါက ယဉ်ကျေးမှုများ ယိုယွင်းပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ခြင်း၊ စီးပွားရေးအရ ရေရှည်အကျိုးဖြစ်ထွန်းမှုမရှိခြင်း စသည့်ခရီးသွားလုပ်ငန်း၏ ဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့ရနိုင်သည်။ ဘူတန်နိုင်ငံသည် ခရီးသွားလုပ်ငန်းမှ စီးပွားရေးဆိုင်ရာ အကျိုးအမြတ်နှင့် အခြားသော ကောင်းကျိုးများ ရရှိရန်၊ ဒေသခံများ၏ လူမှုဘဝတိုးတက်မြင့်မားလာစေရန်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းပါးစေရန် စသည့်ရည်ရွယ်ချက်များဖြင့် "တန်ဖိုးမြင့်မားသော်လည်း ဆိုးကျိုးသက်ရောက်မှုနည်းပါးသည့် ခရီးသွားလုပ်ငန်း" အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရှိရသည်။ ဘူတန်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်အများအပြား အလွယ်တကူ ဝင်ရောက်လည်ပတ်ခြင်းကို တားဆီးရန်နှင့် သင့်တော်သောငွေကြေးပမာဏကို သုံးစွဲနိုင်ပြီး နိုင်ငံ၏ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကို အမှန်တကယ်လေးစားတန်ဖိုးထားမည့် နိုင်ငံတကာခရီးသွားများကိုသာ အရေအတွက်အကန့်အသတ်ဖြင့် လာရောက်လည်ပတ်နိုင်စေရန်ရည်ရွယ်၍ ဘူတန်အစိုးရက စည်းမျဉ်းစည်းကမ်းများ ချမှတ်ကာ အဆိုပါအစီအစဉ်အား အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ထိုသို့ချဉ်းကပ်ဆောင်ရွက်မှုသည် နိုင်ငံ၏ လူဦးရေနည်းပါးပြီး တစ်မူကွဲပြားခြားနားသော ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ထားသည့် ဘူတန်နိုင်ငံသို့ ကမ္ဘာလှည့် ခရီးသည်အရေအတွက် များပြားစွာ လာရောက်လည်ပတ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကိုရှောင်ရှားနိုင်ရန်နှင့် လာရောက်လည်ပတ်သူများအတွက် ဝန်ဆောင်မှုကောင်းများကို နိုင်နင်းစွာဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။ ဘူတန်နိုင်ငံ သည် ထိုသို့ကန့်သတ်ထားသည့် ခရီးသွားလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ၏တစ်မူထူးခြားသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို စနစ်တကျ ဆောင်ရွက်နိုင်စေပါသည်။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုမှတစ်ဆင့် ပဋိပက္ခများချုပ်ငြိမ်းရေး**

နေရာဒေသတစ်ခုအား တည်ငြိမ်မှုနှင့်လုံခြုံမှုမရှိဘဲ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ရနိုင်မည် မဟုတ်ပေ။ ခရီးသွားလုပ်ငန်းမှ ငြိမ်းချမ်းရေးတည်ဆောက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံရေးမတည်ငြိမ်မှုနှင့်မလုံခြုံမှုတို့၏ မူလဇာစ်မြစ်ဖြစ်သော ပဋိပက္ခများကို ဦးစွာဖြေရှင်းရန်လိုအပ်ပါသည်။ သာဓကအနေဖြင့် ၁၉၆၀ ပြည့်နှစ်တွင် စတင်ခဲ့သော ကိုလံဘီယာပြည်တွင်းစစ်သည် လက်တင်အမေရိကဒေသ၏ အရှည်ကြာဆုံးသောစစ်ပွဲဖြစ်ပြီး အဆိုပါ စစ်ပွဲကြောင့် လူဦးရေနှစ်သိန်းနှစ်သောင်းကျော်ခန့် သေဆုံးခဲ့ရကာ လူပေါင်းသန်းနှင့်ချီ၍ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ ကိုလံဘီယာအစိုးရနှင့် ကိုလံဘီယာတော်လှန်ရေး လက်နက်ကိုင်အဖွဲ့ (FARC) တို့သည် ၂၀၁၆ ခုနှစ်တွင် သမိုင်းဝင်ငြိမ်းချမ်းရေး သဘောတူညီချက် ရယူနိုင်ခဲ့သည်။ အဆိုပါ ငြိမ်းချမ်းရေး သဘောတူညီချက်တွင် အဓိကအားဖြင့် FARC အဖွဲ့အား ကိုလံဘီယာနိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့် ပေးအပ်ရန်နှင့် ပဋိပက္ခများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းတရားတစ်ခု ဖြစ်သည့် ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကွာဟချက်အား ဖြေရှင်းရေးကို ဦးစားပေးဆောင်ရွက်ရန် စသည့်အချက်များ ပါဝင်သည်။ အပြန်အလှန်အားဖြင့် FARC အဖွဲ့သည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး အစိုးရ၏ တိုင်းကျိုးပြည်ပြု လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန်ဖြစ်သည်။ ကိုလံဘီယာအစိုးရသည်သဘောတူညီချက်ပါအတိုင်း ကျေးလက်နေ ပြည်သူများအတွက် မြေယာများ ပြန်လည်ခွဲဝေချထားမှု၊ ကျေးလက်ဒေသရှိ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးသဘောတူညီချက်ပါကိစ္စရပ်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးသည့်နောက်ပိုင်းတွင် ကိုလံဘီယာနိုင်ငံ၌ ပဋိပက္ခများချုပ်ငြိမ်းသွားသဖြင့် နိုင်ငံ၏ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်လာနိုင်ခဲ့သည်။ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံစိတ်ချမှုများရရှိလာသဖြင့် နိုင်ငံ၏ ကြွယ်ဝသောယဉ်ကျေးမှုနှင့်သဘာဝဆွဲဆောင်မှုများအား စူးစမ်းလိုသော နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ ကိုလံဘီယာနိုင်ငံသို့ တိုးတက် လာရောက်လည်ပတ်ခဲ့ကြသည်။ ယခင်က ပြည်တွင်းစစ်နှင့်မူးယစ်ဆေးဝါးထုတ်လုပ်မှုများကြောင့် အမည်ဆိုးဖြင့်ကျော်ကြားသော ကိုလံဘီယာနိုင်ငံသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စီးပွားရေးပိုမိုဖွံ့ဖြိုးလာခဲ့သဖြင့် တည်ငြိမ်အေးချမ်းသာယာသော နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံ၏အမှတ်တံဆိပ်ပုံရိပ်ကို ပြောင်းလဲနိုင်ခဲ့သည်။

**ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး**

ခရီးသွားလုပ်ငန်းမှသည် ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ ရောက်ရှိတက်လှမ်းနိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်သည်။ ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) သည် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ရန်နှင့် ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ခရီးသွားလုပ်ငန်း၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုလာစေရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာဆွေးနွေးပွဲများကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) သည် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်ပေးနိုင်သည့် တာဝန်သိခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများ ချမှတ် အကောင်အထည်ဖော်ရေးအတွက် ကမ္ဘာ့နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလျက်ရှိသည်။

**နိဂုံး**

သဘောထားကွဲလွဲမှုများ၊ ပဋိပက္ခများဖြင့် ရှုပ်ထွေးလျက်ရှိသော ယနေ့ခေတ်တွင် ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးနှင့် အပြန်အလှန်နားလည်မှုကို မြှင့်တင်ပေးနိုင်သည့် ထူးခြားပြီး အစွမ်းထက်သော လမ်းကြောင်းတစ်ခုဟုဆိုနိုင်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသည် ယဉ်ကျေးမှုဖလှယ်ရေးကို ပံ့ပိုးပေးနိုင်ခြင်း၊ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်းနှင့် လူမှုအသိုက်အဝန်းများကို အားကောင်းလာစေနိုင်ခြင်း စသည့်အချက်များကြောင့် ငြိမ်းချမ်းသောလူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်ရေးအတွက် အထောက်အကူပြုနေသည်။ သို့သော် ခရီးသွားလုပ်ငန်းတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် မူဝါဒများ ချမှတ်ရန်နှင့် ကောင်းမွန်သော စီမံခန့်ခွဲမှုများကို ကျင့်သုံးဆောင်ရွက်ရန်လိုအပ်ပါသည်။ တာဝန်သိခရီးသွားလုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်ပါဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး "ကျွဲကူးရေပါ" ဆိုသကဲ့သို့ ယနေ့ ကမ္ဘာကြီး၏ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကိုပါ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါသည်။ ။

- **ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုအသိုက်အဝန်းများ၏ တည်ငြိမ်ရေးကို မြှင့်တင်ပေးသဖြင့် ငြိမ်းချမ်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်**
- **နေရာဒေသတစ်ခုအား တည်ငြိမ်မှုနှင့်လုံခြုံမှုမရှိဘဲ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ရနိုင်မည် မဟုတ်ပေ။ ခရီးသွားလုပ်ငန်းမှ ငြိမ်းချမ်းရေးတည်ဆောက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံရေးမတည်ငြိမ်မှုနှင့် မလုံခြုံမှုတို့၏ မူလဇာစ်မြစ်ဖြစ်သော ပဋိပက္ခများကို ဦးစွာဖြေရှင်းရန်လိုအပ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၅** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ် ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# လှိုင်ကော်မြို့နယ်အတွင်း ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်းများ၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိ

**လှိုင်ကော် စက်တင်ဘာ ၂၅**

လှိုင်ကော်မြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပေါ်မှုများကြောင့် ယနေ့တွင် မြို့နယ်အတွင်း ရပ်ကွက်(၈)ခု၌ ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား စတင်ရေဝင်ရောက်ချိန်မှစ၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်း သုံးခု ဖွင့်လှစ်ကာ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ စခန်းများတွင် ရေဘေးသင့် ပြည်သူများ၏ နေ့စဉ်စားသောက်ရေးအပြင် ကျန်းမာရေး စောင့်ရှောက်မှုများလည်း ပေးလျက်ရှိရာ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစည်သူက ပြည်သူများ ကူးစက်ရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အမှိုက်စွန့်ပစ်စနစ်နှင့် ရေစီးရေလာကောင်းမွန်ရေး၊ သန့်စင်ခန်းများ စနစ်တကျဖြစ်စေရေး နေ့စဉ်စစ်ဆေးခြင်း၊ နေ့စဉ်ကျန်းမာရေး စောင့်ရှောက်မှုများပေးနေသည့်အပြင် ပညာပေးဟောပြောခြင်းနှင့် အရေးပေါ်များ ရှိလာပါက တာဝန်ကျဝန်ထမ်း အသင့်ထားရှိကြောင်း ပြောကြားသည်။

**ကိုတွတ်(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်မှုခံရသော သီးနှံများ ပြန်လည်ကုစားရန် အသိပညာပေးဆွေးနွေး

**ပျဉ်းမနား စက်တင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်သည့် သီးနှံစိုက်ခင်းများ ပြန်လည်ကုစားရန် နည်းစနစ်များ၊ မြေဆီလွှာ ပြန်လည်ပြုပြင်ရေး နည်းလမ်းများ၊ ကြုံတွေ့နိုင်သော ပိုးနှင့် ရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းနည်းလမ်းများအတွက် ဆွေးနွေးပွဲများကို စက်တင်ဘာ ၂၅ ရက်က ပျဉ်းမနားမြို့နယ်ရှိ နတ်သူရဲကျေးရွာနှင့် လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာတို့တွင် ဆောင်ရွက်သည်။



စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၊ သီးနှံကာကွယ်ရေးဌာနခွဲနှင့် မြေအသုံးချရေးဌာနခွဲမှ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာ ဘာသာရပ် ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများက ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေ၊ သီးနှံကာကွယ်ရေးနှင့် မြေအသုံးချရေးတာဝန်ခံများ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သီးနှံစိုက်တောင်သူများအား ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပြီး သီးနှံမျိုးစေ့များ ပေးအပ်ခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် အလုံမြို့နယ်ရဲတပ်ဖွဲ့ဝင်များက အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းရှိ အထက (၃) ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုကြီးတင်



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့ အမှတ်(၂) ရေနံမြေလုံခြုံရေးတပ်ဖွဲ့ခွဲမှူးရုံးမှ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် အောက်ကျောင်းကျေးရွာရှိ အောက်ကျောင်း သမုဒ္ဒဂီရိမြစေတီ ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်စဉ်။ မောင်မောင်(မင်းဘူး)

# ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၀ သိန်းလှူဒါန်း

**တောင်ငူ စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကန်တော်ကြီး ခတုကလျာလမ်း သမာဓိဂေဟာနေ သတင်းစာဆရာကြီး ဦးကျော်လှနှင့် သမာဓိ မိသားစုသည် စက်တင်ဘာ ၂၅ ရက်က ရေဘေးသင့် ဟိန္ဒူမျိုးနွယ်စုဝင် မိသားစုများ ပြန်လည်ထူထောင်နိုင်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ရေဘေးကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မြ (ပြည့်ဝမုန့်ဆိုင်) နှင့် ဥက္ကဋ္ဌ ဦးအေးနိုင်(ရီရှင်း)တို့ထံ ပေးအပ်လှူဒါန်းသည်။

လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉၅၃၅၁၀၇၇ နှင့် ၀၉၅၃၅၀၅၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ဝ၄၈



တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်/စာရင်းကောက်သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှစ၍ မြို့တော်ခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင် ကြီးကြပ်၍ နည်းပြဆရာများက သင်တန်းသားသင်တန်းသူများအား လေ့ကျင့်သင်ကြားပေးစဉ်။

ပြည်ဖြိုးပိုင်(ပြန်/ဆက်)



**၂၅ - ၉ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၁၇၇၁ | ၁၅၄၀၈၀၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၃၀၇၇၉ | ၁၀၆၁၈၇၅၅၀ |
| MCB | ၈၈၀၀ | ၈၈၀၀ | ၁၀ | ၈၈၀၀၀ |
| FPB | ၁၈၅၀ | ၁၈၅၀ | ၃၄၀၅၈ | ၆၃၀၀၇၃၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၃၀ | ၈၈၅၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၇၂၈ | ၁၂၇၄၀၀ |
| AMATA | ၄၅၀၀ | ၄၅၀၀ | ၁၃ | ၅၈၅၀၀ |
| MAEX | ၃၄၅၀ | ၃၄၀၀ | ၇၀၀ | ၂၃၈၇၅၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၀ | ၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၁၀၊ ဦးပိုင်အမှတ် ၄၉-က/၅၅လမ်း၊ ၁၀၃x၁၀၄ကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးခင်မောင်ဦး ၉/မနတ(နိုင်)၀၁၇၇၉၇ ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၆၂၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်နီလာအေး ၉/မရမ(နိုင်)၀၆၁၆၇၇က ငွေရပြေစာမူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း၊ ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၉၆၊ ဦးပိုင်အမှတ် ၁-က ခဲစင်းအရှေ့ခြမ်း/ လမ်း ၉၀x၉၁လမ်းကြား၊ ၁၉လမ်းရှိ ဦးလှမောင်ဇနီး ဒေါ်လှရှင်အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးလှမောင်၊ မိခင်ဒေါ်လှရှင်၊ သမီး ဒေါ်ကြင်ကြင်မေတို့ကွယ်လွန်၍ ကျန်ရစ်သော ခင်ပွန်း၊ သားသမီး(မြေး၊ သားမက်)များဖြစ်သော ဦးဇော်ဝင်း ၉/မနမ(နိုင်)၀၇၄၅၉၀၊ ဒေါ်မေသူခိုင် ၉/အမဇ(နိုင်)၀၃၁၈၄၉၊ ဒေါ်မေမီခိုင် ၉/အမဇ(နိုင်)၀၃၁၈၅၀ တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ခဲစင်းပြ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း(၂)ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်၊ ရွှေကြာအင်းရပ်၊ မြေမျိုး မြို့မြေ၊ ပိုင်ဆိုင်ခွင့်- အရှေ့လားသော် -ပြည်လမ်း၊ အနောက်လားသော် ဦးပိုင်(၁၃၄-ဆ)၊ တောင်လားသော်- ဦးပိုင်(၁၃၄-ဍ)၊ မြောက်လားသော်-ဦးပိုင်(၁၃၄-ထ) အတွင်းရှိ ဦးပိုင်(၁၃၄-ဒ)၊ ဧရိယာ ၀ ဒသမ ၀၁၃ ဧကနှင့် ဦးပိုင်(၁၃၄-ခ)၊ ဧရိယာ ၀ ဒသမ ၀၀၆ ဧက စုစုပေါင်း ၀ ဒသမ ၀၁၉ ဧကနှင့် အရှေ့လားသော် ဦးပိုင်(၁၅၃)၊ အနောက်လားသော် ဦးပိုင်(၁၅၆)၊ တောင်လားသော် ဦးပိုင်(၁၅၅-က)၊ မြောက်လားသော်- လမ်းအတွင်းရှိ ဦးပိုင်အမှတ် (၁၅၄)၊ ဧရိယာ ၀ ဒသမ ၀၈၄ ဧကရှိ ဘိုးဘပိုင်မြေကွက်။

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်အိလှဲအောင်နှင့် ဦးစည်သူအောင်တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်မတိုင်မီ ဆိုင်ရာစာရွက် စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်တွင်းကြီးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/5199 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်ရှိ အိမ်အမှတ်(၇/၄၂၈) နေအိမ်နှင့် နေအိမ်တည်ရှိရာ ဂရန်အမှုတွဲအမှတ် (၈၀၇/၁၉၉၉)၊ အကွက်အမှတ် (၁/မြေဖြူရပ်)၊ ဦးပိုင်အမှတ်(F-328)၊ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိမြေကွက်မှာ ဦးအုန်းမောင်နှင့် ဒေါ်သိန်းညိုအမည်ပေါက်ပါသည်။ ၎င်းမြေကွက်အား (၇-၈-၂၀၁၂)ရက်စွဲပါ တောင်ကြီးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၀၇/၂၀၁၂)ဖြင့် ဒေါ်နန်းခမ်းအောင်(ခ)ဒေါ်နန်းနွေး၊ ဦးစိုင်းခေးနှင့် ဦးစိုင်းလှအောင်အမည်ဖြင့် မြေနှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ ထိုကြောင့် ဒေါ်နန်းခမ်းအောင် ပါ(၃)ဦးမှ တောင်ကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဂရန်မူရင်းခွဲကူးယူရန်လျှောက်ထားခြင်း၊ မြေစာရင်းပုံစံ(၁၀၅)ရေးကူးခြင်း၊ ဂရန်အမည်ပြောင်း လျှောက်ထားခြင်းတို့အားဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းထက် LL.B.**
**(အထက်တန်းရှေ့နေ) စဉ်-၅၂၅၆၀(၂၇-၄-၂၀၂၀)**
**အမှတ်- ၀မ/၁၉၃၊ ရတနာလမ်း၊**
**ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၂၆၅၁၀၅၆၉၆၊၀၉-၆၉၆၃၀၈၄၉၀**

## ကန့်ကွက်နိုင်ပါသည်

လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာနေ ဒေါ်သန်းကြည် (ဘ) ဦးဘစီဂျီ-၀၄၄၉၆၈ (မူလ) အမည်ပေါက် ပိုင်ဆိုင်ခဲ့သော လှည်းကူးမြို့နယ်၊ ငွေနံ့သာရပ်ကွက်၊ ကွင်းအမှတ်(၄၉၅-အေ) မြေကွက်အမှတ်(၈၇၉) မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို (ယခု) ပိုင်ဆိုင်သူရောင်းချမည်ဖြစ်သော ပဲခူးမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ရွှေကူဘုရားလမ်း၊ အမှတ်(၉၃၇)နေ ဒေါ်ဆွေဆွေမြင့်လွင် ၁၂/ကမတ(နိုင်)၀၅၄၄၅၀ မှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူကာ မိမိသာ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အမှတ်(၉၂)၊ ကျန်စစ်သားလမ်း၊ ဖွံ့ဖြိုးအောင်အိမ်ရာ၊ လှိုင်သာယာမြို့နယ်နေ ဒေါ်သီတာရွှေဝင်းမှ ဝယ်ယူခဲ့ရာတွင် ၂၃-၉-၂၀၂၄ ရက်၌ စရန်ငွေပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ပြုလုပ်ရာတွင် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် ဒေါ်သီတာရွှေဝင်းထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဒေါ်သီတာရွှေဝင်း**
**ဖုန်း-၀၉-၅၃၀၂၀၂၇**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ဒေါ်မိုးလှိုင်လှိုင် ထွန်းကိုယ်ပိုင်ထက်ဆင့်သင်ကျောင်း Grade-12 မှ မခမ်းလှိုင်း ၁၃/နခတ(နိုင်)၁၁၇၅၀၄ ၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ဖြစ်ပါသည်။

**ဦးသန်းဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ၁၄-ထုံးဘိုရပ်နေ (ဘ) ဦးကင်နှရာဗဟာဒူး၏သမီး မဒူရ်ဂီး(ခ)မဒူးရ်ဂါမာမာနှင့် မဒူကာမာယာ ၁၃/နခတ (နိုင်) ၀၂၉၃၀၉ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မဒူရ်ဂီး (ခ) မဒူးရ်ဂါမာမာနှင့်**
**မဒူကာမာယာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၁လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြားနေ မောင်အောင်အောင် ၁၃/လရန(နိုင်)၂၂၉၀၂၉၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ဒေါ်ချွင်းလန်(ခ) ဒေါ်ချွန်းလန်မှာ တစ်ဦးတည်းဖြစ်ကြောင်း။

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၆-၈-၂၀၂၄ရက် မြန်မာ့အလင်းသတင်းစာကြော်ငြာ ၂၉၏ ကြော်ငြာစာတွင် ခဲစင်းပြ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးရာတွင် ဝယ်ယူခဲ့သူ ဒေါ်ကျင်ကျင်အစား၊ ဒေါ်ကျင်ကျင်၏ (SPရရှိသူ မောင်ငယ်) ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/6492 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/63607 Honda Click 150 ယာဉ်လက်ဝယ်ရှိသူ Shwe Aung Myaing Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/18825 Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ Yin Min San Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅ )
### တာချီလိတ်ခရိုင် တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂

| | | |
|---|---|---|
| ၁။ ဒေါ်နန်းမွန်း | နှင့် | ၁။ ဦးကျော်ကျော်(ခ) ကုလားကျော်ကျော် |
| ၂။ ဒေါ်နန်းလီး | | ၂။ ဦးဆန်းဝင်း |
| | | ၃။ ဦးအိုက်ဆောင် |
| | | ၄။ ဦးစိုင်းလုံ(ခ)လွန်းလုံ |
| | | ၅။ ဦးစိုင်းဆမ်ကျော |
| | | ၆။ ဒေါ်နန်းဝိုးခမ်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

ဝမ်လုံးကျေးရွာအုပ်စု၊ လွယ်စတုံအောက်ရွာ၊ တာချီလိတ်မြို့နေ အမှတ်(၁) တရားပြိုင် ဦးကျော်ကျော် (ခ) ကုလားကျော်ကျော် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းမွန်းနှင့် ဒေါ်နန်းလီးတို့က အတင်းအဓမ္မကျူးကျော်ဝင်ရောက်သိမ်းပိုက်ခံရ၍ လက်လွတ်ဆုံးရှုံးခဲ့ရသော မြေကွက်အား ပြန်လည်လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းနိုင်ထွေး)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက် အဆင့်မြင့်အိမ်ရာ (၁၁)လွှာရှိ အခန်းအမှတ်(11-F) ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးနန္ဒကျော်စွာ ၁၂/ဒဂန(နိုင်)၀၂၁၄၄၁ မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမွန်းအောင် ၂/လကန(နိုင်)၀၀၅၈၄၃ က ၂၃-၉-၂၀၂၄ရက်တွင် နှစ်ဦးသဘောတူ ကွန်ဒိုတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေကသာလျှင် ယင်းကွန်ဒိုတိုက်ခန်းအား လက်ရှိပိုင်ဆိုင်စီမံခန့်ခွဲခွင့်ရှိသော ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမွန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင့်ရွှေ (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၉၃၄/၉၂)**
**အမှတ်(၁၁၄၈) ပထမထပ်၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၄၀၇၆၀၁၉၊ ၀၉-၇၈၈၁၀၀၃၉၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/2414 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်ကြေညာချက်

၁။ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ရေဝဏ်အတွင်းလမ်း၊ အမှတ်(၁၉)တွင် Basement+ (၆)ထပ်တိုက်(Slab Roof)(Liftပါ)ဟိုတယ် အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဦးအောင်ခင်၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်အိအိဖြူ(LC-1194)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၁၁-၁-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၈၁၇/၈၁၈/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး Basement + (၆)ထပ်တိုက် အစား Basement + (၆)ထပ် Steel သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် Revised Plan တင်ပြလာသဖြင့် မြေရှင် ဦးအောင်ခင်၊ လိုင်စင်ရ ကန်ထရိုက်တာဒေါ်အိအိဖြူ(LC-1194)နှင့်ဦးမောင်မောင်မြင့်(PE-Construction-431)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၂၄-၁၀-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၄၈/၁၄၆/စည်ပင်-ယာ(အုံ)ဖြင့် Revised Plan ထပ်မံခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ Basement+ (၆)ထပ်Steel (Slab Roof)(Lift ပါ) ဟိုတယ် အဆောက်အဦ ဆောက်လုပ်ခွင့်အား မူလတင်ပြလိုင်စင်ရကန်ထရိုက်တာ ဒေါ်အိအိဖြူ(LC-1194)အစား လိုင်စင်ရကန်ထရိုက်တာ ဦးကျော်မင်းဦး(LC-1164) နှင့်မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ဦးမောင်မောင်မြင့်(PE-Construction-431) အစား ဦးဇော်လွင်ဦး(PE-Construction-1197)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(၂)ဦးနှင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်တို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၇၃-က)နေ ဒေါ်ရင်ရင်ထွေး၏ မိခင်အမည်မှာ အိမ်ထောင်စုလူဦးရေစာရင်းတွင် ဒေါ်နန်းခင်ငွေးဟုလည်းကောင်း ဒေါ်ရင်ရင်ထွေး၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်တွင် ဒေါ်ခင်ငွေးဟုလည်းကောင်း ဖော်ပြထား၍ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း ဒေါ်နန်းခင်ငွေး(ခ)ဒေါ်ခင်ငွေးမှာ ဒေါ်ရင်ရင်ထွေး၏ မိခင်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ ၂၂)
### မဟာအောင်မြေခရိုင်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၅ နှင့် ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၆၃

| | | |
|---|---|---|
| ၁။ ဒေါ်ချိုချိုမာ | နှင့် | ဦးဘမောင် |
| ၂။ မမေယုခိုင် | | |
| (တရားနိုင်များ) | | (တရားရှုံး) |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက် ရပ်ကွက် အကွက်အမှတ် (၂၃၁) နေ ဦးဘမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ချိုချိုမာ ပါ-၂ က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မဟာအောင်မြေခရိုင်တရားရုံး**

## အမည်ပေါက် ဦးအေးသန့် (၁၁ / စတန(နိုင်)၀၁၀၅၅၅) နှင့် အမွေဆက်ခံခွင့်ရှိသူများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၅၂၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၅၂၆)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းသိန်း ၁၂/လကန(နိုင်)၀၈၆၃၇၉သည် တရားဝင်အမည်ပေါက် ပြောင်းလဲနိုင်ရေးအတွက် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လာရောက်၍ တရားဝင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် အကြောင်းကြားပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၈၂၆/၈၆)**
**တိုက် -၃၊ အခန်း - ၂၇ (ဆောင်းဟေမာန်အိမ်ရာ)၊ (၃၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၂၅၉၆၇၅၉**

## ကန့်ကွက်နိုင်ပါသည်

လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာနေ ဦးခွေးနီ (ဘ) ဦးပေါ်အေး ၁၂/လကန(နိုင်)၁၂၆၄၈၄ (မူလ) အမည်ပေါက် ပိုင်ဆိုင်ခဲ့သော လှည်းကူးမြို့နယ်၊ ငွေနံ့သာရပ်ကွက်၊ ကွင်းအမှတ်(၄၉၅-အေ) မြေကွက်အမှတ် (၈၇၇) မြေချပါမစ်အမျိုးအစား မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို (ယခု) ပိုင်ဆိုင်သူ ရောင်းချမည်ဖြစ်သော မြောက်ဒဂုံမြို့နယ်၊ (၄၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၈၂၃)နေ ဒေါ်နီနီလွင် (မှတ်ပုံတင်အမှတ် ၁၂/ဥကမ(နိုင်) ၀၈၉၅၀၇)မှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူကာ မိမိသာ တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အမှတ်(၉၂)၊ ကျန်စစ်သားလမ်း၊ ဖွံ့ဖြိုးအောင်အိမ်ရာ၊ လှိုင်သာယာမြို့နယ်နေ ဒေါ်သီတာရွှေဝင်းသည် ဝယ်ယူခဲ့ရာတွင် ၂၃-၉-၂၀၂၄ ရက်၌ စရန်ငွေပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ် ပြုလုပ်ရာတွင် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် ဒေါ်သီတာရွှေဝင်းထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဒေါ်သီတာရွှေဝင်း**
**ဖုန်း-၀၉-၅၃၀၂၀၂၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/9724 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/2261 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့အာမခံလုပ်ငန်း
## အလုပ်လျှောက်လွှာပိတ်ရက်ကာလတိုးမြှင့်သတ်မှတ်ခြင်း

၁။ မြန်မာ့အာမခံလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး (၄၈) နေရာအတွက် **၂၃-၈-၂၀၂၄** ရက်နေ့တွင်မြန်မာ့အလင်း သတင်းစာ၌ ကြော်ငြာခေါ်ယူခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ကြော်ငြာမှ အငယ်တန်းစာရေးရာထူးနေရာများအတွက် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာပုံစံနှင့် အတူ လိုအပ်သည့် စာရွက်စာတမ်း များပူးတွဲ၍ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) ရန်ကုန်တွင် ၁၆-၉-၂၀၂၄ ရက်နေ့အစား **၁၁-၁၀-၂၀၂၄ ရက် (သောကြာနေ့)** နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ ရုံးချိန်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ၁၁-၁၀-၂၀၂၄ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် မြန်မာ့ အာမခံလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့သို့ **၁၁-၁၀-၂၀၂၄** ရက်နေ့အရောက် ပေးပို့ လျှောက်ထားရမည်-

(က) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ (သို့မဟုတ်) အခြေခံပညာ အထက်တန်း အောင်မြင်သူ

(ခ) ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူ (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ် (သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင် လက်မှတ်မူရင်းတင်ပြရန်)

( ဂ ) အသက်အထောက်အထားအတွက် အခြေခံပညာ အထက်တန်း အောင်လက်မှတ်မိတ္တူ

(ဃ) ရက်သတ္တပတ် (၂) ပတ်အတွင်း ရိုက်ကူးထားသော ပတ်(စ်)ပို့ဓာတ်ပုံ (၃) ပုံ (နောက်ကျောတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဖော်ပြရန်)

(င) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်း တင်ပြနိုင်ရမည်။)

(စ) ကျန်းမာကြောင်းဆေးလက်မှတ် (မူရင်း)

(ဆ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် (မူရင်း)

(ဈ) သက်ဆိုင်ရာမြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)

၅။ နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ် တစ်မျိုးမျိုးခံခဲ့ရဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင် (မပျက်မကွက်) ထည့်သွင်း ဖော်ပြထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခြင်း (Dismissal) ခံရသူများ လျှောက်ထားခွင့် မရှိပါ။

၆။ သတ်မှတ်ထားသည့် စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျမှရောက်လာလျှင်သော်လည်းကောင်း၊ လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲကို ရန်ကုန် (ရုံးချုပ်)နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများတွင် ၂၆-၁၀-၂၀၂၄ နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ နေ့လယ် ၁:၀၀ နာရီမှ ၄:၀၀ နာရီအထိ မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည် ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးရွေးချယ် ခန့်ထား သွားမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၂၄-၁၀-၂၀၂၄ ရက်နေ့နှင့် ၂၅-၁၀-၂၀၂၄ ရက်နေ့ များတွင် မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများတွင် ရုံးချိန် အတွင်းထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင်လာရောက် ထုတ်ယူရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) ၆၂၇/ ၆၃၅ ကုန်သည်လမ်း၊ ၂၉ လမ်း နှင့် လမ်း ၃၀ ထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၁၈-၃၇၉၀၈၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင် ပါသည်။

**မြန်မာ့အာမခံလုပ်ငန်း**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/6260,Tun Light Truck (TT-001) P/U (4x2) Rယာဉ်လက်ဝယ်ရှိသူ ဦးတင်လင်းအောင် ၅/အရတ(နိုင်)၁၁၄၇၁၅ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/28259, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်စိုး ၅/မရန(နိုင်)၃၃၆၇၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

---



---

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ ဝယ်ယူရန် တင်ဒါအမှတ်- 15DMS/ 2024-2025 (L) ဖြင့် တင်ဒါခေါ် ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - (၂၇-၉-၂၀၂၄)ရက်၊ သောကြာနေ့

**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - (၁၀-၁၀-၂၀၂၄) ရက်၊ မွန်းတည့် (၁၂: ၀၀) နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

---

### ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် Grade-12 မှ မောင်ရောငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးစိုးဦး ၁၄/အဂပ (နိုင်) ၂၅၄၈၄၁ ဖြစ်ပါကြောင်း။

**ဦးစိုးဦး**

---

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အထက (ထူးကြီး) Grade-11မှ နော်သလေးဖော၏ ဖခင်အမည်မှန်မှာ စောလှိုင်ဝင်း ၁၄/မအန (နိုင်) ၁၃၀၅၄၄ ဖြစ်ပါကြောင်း။

**စောလှိုင်ဝင်း**

---

### အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက (နမ္မတီး) Grade-12 မှ မညွှယ်လွန့်၏ အမည်မှန်မှာ မညွှယ်လွမ် ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးဒေါင်ခေါင် ၁/မကတ (နိုင်)၀၁၇၂၁၁ ဖြစ်ပါကြောင်း။

**ဦးဒေါင်ခေါင်**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်သဇင်မွန် ၁၀/သဖရ(နိုင်) ၁၄၈၅၄၀ ၏ မိခင် ဒေါ်ချိုအေးနှင့် ဒေါ်ရွှေအေးသည် အမည် (၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၄၁၇၊ ဦးပိုင်အမှတ် (၄၅.စ/၄)၊ ၁၇x၁၉လမ်းကြား၊ ၅၈xမြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဇင်ဝေလွင်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၈၀၁/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇင်နှင်းလွင် ၉/မကန(နိုင်)၀၉၉၆၆၇က အမှုတွဲအမှတ် (၃၉၇၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ် (၁၂၈) ဟုခေါ်တွင်သည့် မြေပေါ်တွင် ဆောက်လုပ်ထားသည့် Royal Thazin New Condo (၈)ထပ်တိုက်၏ (၆)လွှာ၊ အခန်း (B)၊ အခန်းကျယ် (၁၂၆၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း အပါအဝင် ရေ၊ မီးအကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိထား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန်းစန်းအေး ( ၁၂/လမန(နိုင်) ၁၂၈၄၄၆ ) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဒေါ်နှင်းနန္ဒီထွဋ် (၁၄/ဟသတ(နိုင်)၂၄၃၂၂၇)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကွန်ဒိုတိုက်ခန်း အား အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့် တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင် ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက် ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်နီလာထွန်း ( LL.B,D.B,L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၁၁)၊**
**အမှတ် (၈၁၃)၊ (၈)လမ်း၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၅၀၈၅၂၅**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၉၉-၂၉)၊ ဦးပိုင်အမှတ် ၇/၄၉x၅၀ကြား၊ ၁၀၉x၁၁၀လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ကြီး ဆန်းထွန်း ၉/အမရ(နိုင်) ၀၀၄၆၂၇ ၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၆၅/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးဝင်းအောင် ၉/မနတ(နိုင်)၀၆၆၈၆၆က တောဂရန် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကွယ်လွန်သူ ဒေါ်ခေါန်လွမ်း၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှုတွင် မြစ်ကြီးနားမြို့၊ တပ်ကုန်းတောင်၊ တပ်ကုန်းရပ်ကွက်၊ အိမ်အမှတ် ၄၁၆ ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခေါန်လွမ်း၏ သေတမ်းစာအတည်ပြုသည့် လက်မှတ်သေတမ်းစာ အတည်ပြုသည့် လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးခွန်နေဥင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခေါန်လွမ်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးခွန်နေဥင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်တိုး )**
**တွဲဖက်ခရိုင်တရားသူကြီး**
**မြစ်ကြီးနားခရိုင်တရားရုံး**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၃)၊ ဦးပိုင်အမှတ်(၂၁၀/၁၀)၊ မြေရေိယာ ၀ ဒသမ ၂၅၀ ကေရှိ မြေကွက်သည် မူလက ဒေါ်မရစ်ပရီ အမည်ဖြင့် ၃၀-၆-၂၀၂၂ ရက်အထိ(၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်မရစ်ပရီက ၉-၅-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၄၆/၂၀၂၄)အရ မူလမြေရေိယာ ၀ ဒသမ ၂၅၀ ကေအနက်မှ မြောက်ဘက်ခြမ်း ဧရိယာ ၀ ဒသမ ၁၀၆ ကေအား ဦးပိုင်ခွဲစိတ်၍ ဒေါ်ဥမ္မာရွှေ ၁/ပတအ(နိုင်)၀၄၄၁၃၆ ထံသို့အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဥမ္မာရွှေအမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၉)၊ ဦးပိုင်အမှတ်(၁၄၈/၆)၊ မြေရေိယာ ၀ ဒသမ ၁၁၀ ကေရှိ မြေကွက်သည် မူလက ဦးလှဌေး အမည်ဖြင့် ၂၈-၅-၂၀၄၈ ရက်အထိ (၃၀)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးလှဌေး (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသိန်းသိန်းအောင်)က ၉-၈-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၇၂/၂၀၂၄)အရ မူလမြေရေိယာ ၀ ဒသမ ၁၁၀ ကေအနက်မှ တောင်ဘက်ခြမ်းဧရိယာ ၀ ဒသမ ၀၅၉ ကေအား ဦးပိုင်ခွဲစိတ်၍ ဦးလျိုဖန်း ၁/ဝမန(ညေ့)၀၀၀၂၅၉ ထံသို့ အပြီး အပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးလျိုဖန်းအမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်နေ့မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ဦးပိုင်အမှတ် (၃၃)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၉ ကေရှိမြေကွက်သည် မူလက ဒေါ်ဝင်နီ အမည်ဖြင့် ၂၂-၆-၂၀၄၅ ရက်အထိ (၃၀)နှစ်မြေငှား ဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ဝင်နီ(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မိမိစန်း)က ၁၅-၂-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၀၇၂/၂၀၂၄) အရ မူလမြေရေိယာ ၀ ဒသမ ၀၅၉ ကေအနက်မှ အရှေ့ဘက်ခြမ်း မြေရေိယာ ၀ ဒသမ ၀၂၉ ကေအား ဦးပိုင်ခွဲစိတ်၍ ဦးလှမိုး ၁/မကန(နိုင်)၀၀၂၁၁၈ထံသို့အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးလှမိုး အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက် အမှတ် ၅၁၄/၂၊ ဦးပိုင်အမှတ် ၂၈၅-က၊ ၅၈လမ်း၊ ၃၃x၃၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးမိ ၉/မရမ(နိုင်)၀၁၈၄၈၅၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၆၅၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးညီညီမောင် ၅/ရဥန(နိုင်)၀၈၆၈၂၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက် အမှတ် ၆၊ ဦးပိုင်အမှတ်(၅၅-က) ၃၉x၄၀ကြား၊ ၅၇x၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းဝင်းဌေး ၉/မနမ(နိုင်)၀၄၂၆၂၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၄၉၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထင်အောင်ဆန်း ၉/မရတ(နိုင်)၀၀၁၈၂၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃

**မသွယ်သွယ်အောင်** နှင့် **ကိုမိုးမြင့်ဦး**
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် နေထိုင်သော ကိုမိုးမြင့်ဦး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မသွယ်သွယ်အောင်က လင်မယားကွာရှင်းပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော့မေခိုင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၆၁၇၆၇ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Auto R.Y Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၁၉၈၁၆ Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ကြူကြူသန်း ၉/ခမစ(နိုင်)၀၀၀၅၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ရှမ်းပြည်နယ်တရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်-၁၂

ဒေါ်အေးသီ နှင့် ၁။ ဦးငွေ
၂။ ဒေါ်တင်အေး

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၂၄ ခုနှစ်၊ မေလ၊ ၂၇ ရက်စွဲပါ တောင်ကြီးခရိုင် တရားရုံး၊ တရားမအယူခံမှု အမှတ် ၆/၂၀၂၄ အမှုတွင် ချမှတ်သောအမိန့်အပေါ် အယူခံမှု။

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဖရဲရွာ၊ သစ်ခွလမ်းနေ အယူခံတရားပြိုင်အမှတ်(၁) ဦးငွေ၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ SP ဝန်ထမ်းလိုင်းနေ အယူခံတရားပြိုင်အမှတ်(၂) ဒေါ်တင်အေး (ယခုနေရပ်လိပ်စာ မသိသူ) တို့သိစေရမည်။

ယခုအမှုတွင် တောင်ကြီးခရိုင် တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုက အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၃ ရက်) ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးစန္ဒီအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၁၃၇၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင် ၅/မကန(နိုင်)၀၃၅၇၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/47098, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းတစ် ၁၃/တခလ(နိုင်)၀၆၃၇၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကတ်ဖကျေးရွာအုပ်စု၊ မိုင်းလားလမ်းမှ ကျွန်တော် ဦးကျိုးရှောက်ဆက်ပါ(၃)ဦး ၁၃/လရန(နိုင်)၁၀၃၅၇၆ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အမည် "Jing Hpaw Yadanar" အမည်တံဆိပ်တစ်ခုဖြင့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုက်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလာသော အမှတ်တံဆိပ်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျိုးရှောက်ဆက် ၁၃/လရန(နိုင်)၁၀၃၅၇၆**
**ဖုန်း-၀၉-၅၂၅၂၈၈၁**

## ကန့်ကွက်နိုင်ပါသည်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ဗောဓိကုန်းရပ်ကွက်၊ ဦးပိုင်အမှတ်-က/၂၇၊ ဧရိယာ ၀ ဒသမ ၀၃၅ ဧကရှိ ဂရန်မြေသည် DoV No. ၄၄၀/၁၉၄၅-၄၆ အရ (၂-၁-၁၉၅၁) မှ (၁-၁-၁၉၈၁)ထိ မစောရင်၊ မမကြီး အမည်ဖြင့် နှစ်(၃၀) (လူနေထိုင်ရန်)ဂရန်ချထားပေးသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေဧရိယာ ၀ ဒသမ ၀၃၅ ဧကရှိသည့်အနက်မှ ဧရိယာ ၀ ဒသမ ၀၂၆ ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြောင်းမြမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၃၉/၁၉၇၈ ဖြင့် ဒေါ်ကျင်စန်း(ခ)ဒေါ်ခင်စန်းနှင့် ဦးအုန်းကျော်တို့မှ ဝယ်ယူပိုင်ဆိုင်အကျိုးခံစားခဲ့ပါသည်။ ဦးအုန်းကျော်သည် ၁-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပြီဖြစ်ပါသည်။ (ဦးအုန်းကျော်) ကွယ်လွန်သွားပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ကျင်စန်း(ခ)ဒေါ်ခင်စန်း တစ်ဦးတည်းမှသာလျှင် ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အထက်ဖော်ပြပါ မြေကွက်အား မူလပိုင်ရှင် မစောရင်၊ မမကြီး အမည်မှ ဒေါ်ကျင်စန်း(ခ)ဒေါ်ခင်စန်း ၁၄/မမန(နိုင်)၀၀၉၁၉၃ အမည်သို့ ကျမ်းကျိန်လွှာနှင့်အတူ ဂရန်သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားမည် ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများ၊ တရားရုံး ဒီကရီအမိန့်များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဒေါ်ကျင်စန်း(ခ)ဒေါ်ခင်စန်း၏ ဂရန်သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားမှုအား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သူရ(မြောင်းမြ)**
**LL.B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၉၈၁၈၄၀၄၂၊ ၀၉-၆၉၅၁၈၄၀၄၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် ( ၅-D၊ အလယ်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၂၉) ၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိမြေသည် ဦးသင်းကြည် အမည် ဖြင့် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အမှုတွဲအမှတ် ၄၆ / V / ၁၉၉၀ - ၁၉၉၁ အရ ၁၃-၁၁-၁၉၉၁ မှ ၁၃-၁၁-၂၀၂၁ အထိ နှစ်(၃၀)မြေငှားဂရန် ခွင့်ပြုရရှိထားသော မြေနေရာဖြစ်ပြီး ဂရန်အမည်ရှင် ဖခင် ဦးသင်းကြည်နှင့် မိခင် ဒေါ်သန်းသန်းအေးတို့မှာ ကွယ်လွန်ခဲ့ ကြပြီးဖြစ်ရာ ကျန်ရစ်သည့်သားသမီးများဖြစ်ကြသည့် ဦးဇော်မင်းဦး၊ ဦးဇော်မင်းထွန်း၊ ဦးဇော်မင်းထက်နှင့် ဒေါ်ဇင်မာထွန်းတို့မှ မအူပင်ခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆိုကြပြီး ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုကြပြီးနောက် ၎င်းတို့ညီအစ်ကိုမောင်နှမများမှ ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံနှင့် ဖော်ပြ ပါမြေနေရာအား ဒေါ်ဇင်မာထွန်းသို့ အပြီးအပိုင် စွန့်လွှတ်ခြင်းစာချုပ်ကို စာချုပ် အမှတ် (၂၀/၂၀၂၂)ဖြင့် ချုပ်ဆိုလွှဲပြောင်းပေးအပ်ခဲ့ကြပြီးဖြစ်၍ လက်ခံရရှိသူ ဒေါ်ဇင်မာထွန်း(ဘ)ဦးသင်းကြည် ၁၄/မအပ (နိုင်)၃၈၀၃၆၄ မှ မြေငှားဂရန် သက်တမ်းတိုး၊ အမည်ပြောင်း ရရှိရေးအတွက် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၈

ဒေါ်တင်တင်ဦး **လျှောက်ထားသူ**

အခန်းအမှတ်(၉)၊ ပန်းရိုးမ သမဝါယမအသင်းပိုင်
အဆင့်မြင့် လူနေတိုက်ခန်း၊ မြေညီထပ်၊ သီတာအေးရပ်၊
ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

**ကွယ်လွန်သူ ဒေါ်ခွေး၏ ကျန်ရစ်သော ပစ္စည်းများအကြောင်း။**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်း/တောင်ရပ်ကွက်၊ သီတာအေးရပ်၊ အခန်းအမှတ် (၉)၊ ပန်းရိုးမ သမဝါယမအသင်းပိုင် အဆင့်မြင့် လူနေတိုက်ခန်း၊ မြေညီထပ်၊ (၇၈လမ်း x သိပ္ပံလမ်း၊ လမ်းဆုံမီးပွိုင့်၏ အနောက်ဖက် လမ်းသွယ်)၌ နေထိုင်ခဲ့သောကွယ်လွန်သူ ဒေါ်ခွေး၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်တင်တင်ဦးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၈ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆို ထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခွေး ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၈ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်)၌ မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦး အားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်တင်ဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးမွန်စမ်း)**
**ခရိုင်တရားသူကြီး**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် ၆၀၃-က၊ ဦးပိုင်အမှတ်(၂၈-စ)၊ နန်းဦးလမ်းပေါ်ရှိ အောင်မြင့်ကျော်လမ်းနှင့် မှန်တန်းဂုဏ်ရည်လမ်းသွယ်(၄)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အမာကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီဂီကျော်ဝင်း ၉/မရတ(နိုင်)၁၁၀၅၁၁က အမှုတွဲအမှတ် (၃၃၉၉/၂၀၂၄-၂၀၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း၊ ခွဲကျန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသွယ်မျိုး ၁၃/လလန(နိုင်)၀၄၁၅၅၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်ကေသွယ်မျိုး ၁၃/လလန(နိုင်)၀၄၁၅၅၄ နှင့် ဦးနောင်နောင် ၁၃/တကန (နိုင်)၁၇၀၃၄၄ တို့သည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ၂၀-၁-၂၀၀၂ ရက်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ ပေါင်းသင်းခဲ့ရာမှ အကြောင်းအရာတစ်ခုအပေါ် နားလည်မှုလွဲ၍ သဘောထားချင်းမတိုက်ဆိုင်သည့်အလျောက် ၃၁-၁၀-၂၀၂၂ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ သို့သော်လည်း ထိုသို့ကွာရှင်းမှုအပေါ် နောင်တရခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး အချိန်ကြာမြင့်စွာ ပေါင်းသင်း နေထိုင်လာခဲ့သည့် သံယောဇဉ်နှင့် သားသမီး(၂)ဦး၏ရှေ့ရေးအား ထောက်ရှုကာ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား ဖျက်သိမ်းကြောင်း ထုတ်ဖော်ပြောဆို၍ ၃၁-၁၀-၂၀၂၂ ရက်၌ပင် အတိအလင်း ဖျက်သိမ်းကာ တရားဝင်လင်မယားအဖြစ် လူသိရှင်ကြား ပြန်လည်ပေါင်းသင်းနေထိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်မ၏ မိတ်ဆွေဖြစ်သူ ဒေါ်ကေသွယ်မျိုးနှင့် ဦးနောင်နောင်တို့သည် တရားဝင်လင်မယား အဖြစ်ပင် တည်ရှိလျက်ရှိပါကြောင်း နီးစပ်ရာ နှစ်ဖက်ဆွေမျိုးအသိုင်းအဝိုင်းများ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသွယ်မျိုး ၁၃/လလန(နိုင်)၀၄၁၅၅၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီနီရဲဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၂၁)**
**တိုက်၆လုံးဝန်ထမ်းအိမ်ရာ၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့**

## ဖခင်အမည်မှန်

ပင်းတယမြို့၊ အ.ထ.က (ကြိုသက်) Grade-12 မှ မအေးမွန်စိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ထူး ၁၃/ရငန (နိုင်)၀၃၀၂၃၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ Shining Stars မသွယ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12(B) မှ စိုင်းသင်းနော်ဖ ၁၃/မရန(နိုင်)၀၆၉၀၃၄ ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဟုမ် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အ.ထ.က(၆)၊ Grade-9 မှ ခွန်ထွန်းမြင့်၏ဖခင် ဦးချစ်ထူး(ခ)ဦးခွန်ချစ်ထူး ၁၃/တကန (နိုင်)၂၁၄၄၀၇ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်

တောင်ကြီးမြို့နယ်၊ သံတဲကျေးရွာအုပ်စု၊ အ.ထ.က(သံတဲ)၊ Grade-12 မှ မောင်ဝေရံမောင်၏ အမည်မှန်မှာ မောင်ရံမောင် ၁၃/တကန(နိုင်) ၃၅၇၄၃၁ ဖြစ်ပါကြောင်း။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/48691, Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိဘိုးထောင်း ၁၃/မယတ(နိုင်) ၀၃၁၅၈၇ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1G/4595, Toyota Dyna ယာဉ်အမည်ပေါက်သူ United Paints Group Co;Ltd (UPG)က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6M/7779 Toyota Landcruiser URJ202, S/W(4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သူ ၉/မဟမ(နိုင်)၀၀၀၁၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံ အနောက်ရပ်ကွက်၊ အကွက်(၅၈၉)တွင်နေထိုင်သူ ဦးရှိုင်းအောင်ထက် ၇/ပခတ(နိုင်) ၀၆၃၄၁၄ နှင့် ဒေါ်ရွှေဇင်ဦး ၉/ခအဇ(နိုင်)၀၁၇၆၁၈ တို့သည် အောက်ပါ ကုန်အမှတ်တံဆိပ်အား မိမိတို့ကိုယ်ပိုင်စိတ်ကူးဖြင့် တီထွင်ဖန်တီးထားပြီး မိမိတို့မူပိုင်အဖြစ် အသုံးပြုရန် ရည်ရွယ်ပါသည်-

အထက်ဖော်ပြပါ "ကကြိုး" ဖိနပ်အမျိုးမျိုးထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး ကုန်တံဆိပ်အမည် အမှတ်အသားကို အသုံးပြု၍ ဖိနပ်အမျိုးမျိုးထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများကို လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ထို့ပြင် **"ကကြိုး"**အမည်ဖြင့် ဖိနပ်အမျိုးမျိုး၏ ထုပ်ပိုးမှု ပုံစံများတွင်လည်းကောင်း၊ တီဗီကြော်ငြာ၊ မဂ္ဂဇင်းကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ဆိုင်းဘုတ်ကြော်ငြာ၊ အင်တာနက်စာမျက်နှာ၊ ဝဘ်ဆိုက် (website)၊ ဗီနိုင်းတံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်းများ၊ ပါကင်ဂျပ်ပုံးများတို့အပေါ်တွင် အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် လိုအပ်သောနေရာများ၌ အမှတ်တံဆိပ် ရိုက်နှိပ်အသုံးပြု၍ မြန်မာနိုင်ငံအတွင်းနှင့်အပြင်သို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား မိမိတို့ မူပိုင်တံဆိပ်အဖြစ် အသုံးပြုခြင်းကို ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင်လာရောက်၍ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား စတင်အသုံးပြုသွားမည်ဖြစ်ပြီး မူပိုင်ခွင့်ရရှိရန်အတွက်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မင်းမင်းသူ LL.B,LL.M (Korea)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၆၆၀)**
**ဏ-၁/၁၀၈ (၁၀၅)လမ်း၊ ၆၄ နှင့် ၆၅လမ်းကြား၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၉၅၈၉၅၈၂၁၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ရာဇာဓိရာဇ်(၃)လမ်း၊ (၁၄)ရပ်ကွက်၊ အမှတ်(၁၁၂၆)တွင်နေထိုင်သူ ကျွန်မ-ဒေါ်နှင်းသဇင်အေး ၁၄/ဒဒရ(နိုင်)၁၂၉၉၄၄ နှင့် ဦးသန်းဝင်း ၁၂/မဂဒ(နိုင်) ၁၃၂၃၆၅ တို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး (၂၀၀၈) ရက်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လာခဲ့ပြီး တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိကြသောကြောင့် ၂၆-၁-၂၀၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်တရားရုံးတော်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြပြီး ဖြစ်ပါသည်။

ထိုသို့ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ သမီး(၂)ဦးအား မိခင်-ဒေါ်နှင်းသဇင်အေးမှ တာဝန်ယူပြုစု စောင့်ရှောက်သွားမည်ဖြစ်ပါသည်။ လက်ထက်ပွား တစ်စုံတစ်ရာမျှထွန်းကားခဲ့ခြင်းမရှိပါ။ ဦးသန်းဝင်းနှင့် ဒေါ်နှင်းသဇင်အေးတို့သည် တစ်ဦးနှင့်တစ်ဦးအိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဆက်စပ်သက်ဆိုင်ခြင်း၊ အလျဉ်းမရှိတော့ပါကြောင်းနှင့် ဦးသန်းဝင်း၏ကိစ္စအဝဝမှန်သမျှ ဒေါ်နှင်းသဇင်အေးနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းသဇင်အေး**
**ဖုန်း-၀၉-၉၇၁၅၀၇၀၆၃၊ ၀၉-၄၂၆၅၈၇၁၇၈**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 60W/82108 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ပိုင်ဦး ၁၄/ဟသတ(နိုင်) ၃၀၆၀၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/6967 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးညွန့် ၉/တသန(နိုင်)၁၂၁၀၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ကျောက်တလုံးလမ်း၊ နယ်မြေ(၁၃)၊ အမှတ်(၄၀၈)နေ (ဘ)ဦးခွန်သီဟအောင်၏သမီး ဒေါ်နန်းမြမြဦး ၁၃ /တကန(နိုင်)၂၇၆၉၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ကျောင်းကြီးစုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၆၇/စောစီအရှေ့)၊ ဦးပိုင်အမှတ်(၁၄၄)၊ မြေကွက်အမှတ် (၂၇/၁၃၁)၊ ဧရိယာ ၀ ဒသမ ၁၈၅ ဧကရှိမြေကွက်အား ဦးလှကြည်အမည်ဖြင့် ဂရန်အမှုတွဲအမှတ်(၂၄၉/၂၀၂၃)ဖြင့် အမည်ပေါက်လျက်ရှိပါသည်။ အဆိုပါ ဦးလှကြည်၏မြေကွက်အား ဒေါ်နန်းမြမြဦးထံ အာမခံအဖြစ် လာရောက်အပ်နှံထားပါသောကြောင့် ထိုမြေကွက် ကိစ္စနှင့်ပတ်သက်၍ အခြားမည်သူတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည် ပြောင်းခြင်း၊ ဂရန်အသစ်လျှောက်ခြင်းနှင့် ခွဲစိတ်ဂရန်လျှောက်ခြင်းများ မပြုလုပ်သင့်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းမြမြဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခွန်အဂ္ဂရာဇ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၁၈၈၁၃)**
**အမှတ်(မ / ၃၂၄)၊ သီရိမင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊**
**တောင်ကြီးမြို့။**
**ဖုန်း-၀၉-၄၂၈၃၂၂၀၇၈**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းမြင့်(မုံရွာ)
## အသက် (၈၆)နှစ်

မုံရွာမြို့နေ သူငယ်ချင်း ဒေါက်တာ စိုးမင်းအောင် (မျက်စိ အထူးကုဆရာဝန်ကြီး)နှင့်ဇနီး ဒေါက်တာ ဒေါ်ကြည်ကြည်ခိုင် တို့၏ဖခင်ကြီး အန်ကယ် ဦးမင်းမြင့် အသက် (၈၆) နှစ်သည် ၂၃-၉-၂၀၂၄ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ မုံရွာ အထက (၁) သူငယ်ချင်းများ**

### ကွယ်လွန်သူ (ဒေါ်သီသီ) (ထ-၂ စမ်းချောင်း)သို့ အလွမ်းမပြေ

> စမ်းရေအေးသော်လဲ
ကမ်းခြေဘေးမှာ
အလှမ်းအနေဝေးပြီး
အလွမ်းမပြေသေးတာကြောင့်
ပန်းကြွေတေးကိုပဲ သီတော့မည်။

> ဆယ်စုနှစ်တစ်လီ
ကြာပြီဖြစ်ကြောင်း
ပြန်ပြောင်းအောက်မေ့
ဟောင်း-တငွေ့ငွေ့
ဆောင်း-တနေ့နေ့
ညောင်း-တရွှေ့ရွှေ့
နှောင်း - တမြွေ့မြွေ့၊

> တော်ဝင်လေးနှမ
မြော်မြင်တွေးဆ
ပျော်ခြင်သေးသပ
ခေါ်ငင်ဖေးမ
တော်လျှင် ဘေးမခ၊ နေခဲ့ကြတာတွေ။

> ကြွေးထူပူရ
အလေးတူယူကြ
ဖေးထူကူမ
အပေးအယူတူမျှ
အေးအတူ ပူအမျှ နေခဲ့ကြတာတွေ။

> ပြုရကုသိုလ်
ထိုထိုများစွာ
ရငြားပါစေ
အမျှဝေသည်
ဤမြေလွှာထု သက်သေပြု။

> ဘဝခရီး
ဆက်ပြီးလှမ်းဆဲ တစ်ယောက်ထဲ
လာခဲ့တာလဲ တစ်ယောက်ထဲ
ထွက်သွားတော့လဲတစ်ယောက်ထဲ။

**ချစ်ခင်ပွန်း - ဦးတင်ဝင်း(ငြိမ်း)**
**နေပြည်တော်၊ လယ်ဝေး**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(City Loft)၊ တိုက်အမှတ် (C10)၊ အခန်းအမှတ် (514)၊ Type (1BR)၊ Area (484) sqft ရှိ တိုက်ခန်းနှင့် ၄င်း တိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ မနွယ်လှိုင်ဦး ၁၂/သခန(နိုင်) ဝ၉၇၈၃၆ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကိုမောင်ဝဏ္ဏ ၁၂/ဗဟန(နိုင်)၀၁၇၅၀၁**
**Ph-09-797935350**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းမြင့်
### လက်ထောက်ညွှန်ကြားရေးမှူး(စီမံကိန်း)(ငြိမ်း) (မုံရွာ)
### အသက် (၈၆)နှစ်

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးစိုးမင်းအောင်၏ဖခင်ဖြစ်သူ ဦးမင်းမြင့်သည် ၂၃-၉-၂၀၂၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း၊ မျက်စိရောဂါပညာအဖွဲ့**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်မာရီ
### (Melody Myint Toon)
### အသက်(၇၅)နှစ်

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန) ၏ ဇနီး ဒေါ်တင်မာရီ(Melody Myint Toon)သည် ၂၃-၉-၂၀၂၄ရက် (တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံမဟာဗျူဟာနှင့်**
**နိုင်ငံတကာလေ့လာရေးအဖွဲ့**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/3228 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေး ရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ကောလိယ(၂၆)လမ်း၊ အမှတ်(၁၉၄)၊ အကျယ်အဝန်းပေ(၄၀ x ၆၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ၊ ၅ ထပ်တိုက် အဆောက်အအုံမှ အလယ်ခန်း မြေညီထပ်၊ အကျယ်အဝန်းပေ(၁၂.၅ ပေ x ၅၄ ပေ)၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေမီးအစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးဆန်းနီဦး ၅/စကန (နိုင်)၁၅၈၂၉၈ နှင့် ဒေါ်ဝေယံသင်း ၁၂/ဥကတ(နိုင်)၁၆၅၇၂၁ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးဇော် ၁၂/ပဇတ(နိုင်)၀၁၅၈၄၀ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးကျော်ဇင်လတ် (LL.B) | ဒေါ်သန္တာအေး (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၅၃၃၄၈) | (စဉ်-၁၇၉၂၂ ) |

အိမ်အမှတ်(၆၃)၊ အာဇာနည်လမ်း ၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၅၅၆၅၇၈၅၁၊ ၀၉-၆၆၄၁၃၄၇၀၂

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း (Star City)အတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ်(CL9)၊ အခန်းအမှတ်(၃၀၄)၊ Type(3-Bedroom)၊ Area (၈၅၀)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း တွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သဲဦးခိုင် ၁၂/ဒဂမ(နိုင်)၀၂၁၂၈၃ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွ ေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ကို ၉/ကဆန(နိုင်)၀၀၅၁၃၇**
**ဖုန်း-၀၉-၈၉၂၉၅၅၃၆၆**

### သံဝေဂဉာဏ်ပွားများခြင်းနှင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း
## ဆရာတော် ဦးစက္ကိန္ဒ (ဦးသက်ရှည်)
### သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၂၅)ဝါ

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါက်တာ ဒေါ်ဂျယ်နီကိုကြီး (ခ) ဒေါက်တာဒေါ်ဝင်းမြိုင်လွင်၏ ခင်ပွန်း ဆရာတော် ဦးစက္ကိန္ဒ(ဦးသက်ရှည်) သည် ၁၉-၉-၂၀၂၄ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း ကြားသိရပါသဖြင့် အသက်၏အစိုးမရမှု၊ သေခြင်းတရား၏ မြန်ဆန်မှုတို့ကို ဆင်ခြင်စဉ်းစားနှလုံးထားကာ ကြီးစွာသော သံဝေဂဉာဏ်ပွားတော်မူရပါကြောင်းနှင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**ပါမောက္ခချုပ် ဆရာတော် အမှူးပြုသော သင်ကြားဆရာတော်/သီလရှင်များ**
**သင်ကြား/စီမံဝန်ထမ်းများ**
**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါက်တာ ဒေါ်မမ(ခ)ဒေါ်မေစွမ်း (M.B.B.S. Ygn)
### (1966-1973) ဆေးတက္ကသိုလ် (၁)
### အထက (၁) ဒဂုံကျောင်းသူဟောင်း
### အသက် (၈၃)နှစ်

(ဦးကျင်စွမ်း-ဒေါ်ကျင်ရွှေ) (ကျားသက်န်းတိုက်)တို့၏သမီးကြီး၊ (ဦးခင်ဂုဂုက်-ဒေါ်ကျင်ဟုန်)တို့၏ သမီးချွေးမ၊ (ဒေါက်တာ ဦးတင်အုန်း)၏ဇနီး၊ (ဦးမျိုးမြင့်)-ဒေါက်တာ ဒေါ်ညွှန့်ညွှန့်ရီ (ဟိုင်းမင်းသက်န်းတိုက်)တို့၏ ညီမ၊ (ဦးမောင်မောင်)- ဒေါ်ခင်လေးနွယ် (ကမ္ဘာအေးကျားသက်န်းတိုက်)၊ ဦးမျိုးတင့်-ဒေါ်သင်းသင်းမွေး (ကုန်ဈေးတန်းကျားသက်န်းတိုက်)၊ (ဦးမျိုးဆွေ)-ဒေါ်ဖြူဖြူအောင် (ကျားညီနောင်သက်န်းတိုက်)၊ (ဒေါ်လှလှ)၊ (ဦးမျိုးငွေ)-ဒေါ်ခင်မော်မော်၊ ဦးမျိုးအောင်-ဒေါ်လွင်လွင်အေး (ဆင်ဗိုလ်သက်န်းတိုက်)တို့၏အစ်မ၊ ဒေါ်ချို့နွယ်အုန်း၏ မိခင်၊ မမြတ်သီရိချို၊ မမြတ်ရတီချို (Conceptx Inti School) တို့၏အဘွားသည် ၂၄-၉-၂၀၂၄ရက် (အင်္ဂါနေ့) ညနေ ၃:၃၀နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉- ၂၀၂၄ရက် (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန် (ဖူကျန့်တရုတ်သင်္ချိုင်း)တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

အမှတ် (၇၁)၊ ရွှေတောင်တန်းလမ်း(ရွှေတောင်တန်းကျားသက်န်းတိုက်)နေအိမ်မှ ကားများ ၂၈-၉-၂၀၂၄ရက် (စနေနေ့) နံနက် ၈နာရီတွင် ထွက်ခွာမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေစက် ဒါယိကာမကြီး
## ဒေါ်မေသက်နှင်း
### အသက်(၅၂)နှစ်

မြင်းခြံမြို့၊ ဘုရားလမ်းနေ ဆေးပွဲစားကြီး(ဦးစိန်ဖေ-ဒေါ်ထားရှင်) တို့၏ သမီး၊ ရန်ကုန်မြို့နေ ဦးစိန်လှဦး-ဒေါ်ရွှေစင်၊ဦးစောလှအောင်-ဒေါ်စိန်ဝင်းမြိုင်၊ ဦးခင်မောင်ဆွေ-ဒေါ်စန်းမြင့်(ရွှေနှင်းဆီ)တို့၏တူမ၊ ဦးသက်တင်ဝင်း-ဒေါ်အိအိသွင်တို့၏ ညီမ၊ ကိုခန့်မင်းသျှင်၊ မမြချမ်းနဒီ တို့၏အဒေါ် ဒေါ်မေသက်နှင်းသည် ၂၄-၉-၂၀၂၄ရက်တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သမိုင်းဘုရားလမ်း၊ အမှတ် (၈၆/ခ)နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၂၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသိမိတ်ဆွေ၊ ဆွေမျိုးများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၁၄၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်သင်းမြိုင် (ISN-314490)အမည်ပေါက်ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကို မျက်နှာမူ၍ကြည့်သော် (ဘယ်ခြမ်း) အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်နုနုဝင်း (၁၂/ကမရ(နိုင်)၀၅၀၀၃၇)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)**
**Ph,09421746974**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၁၅၄)ဧက၊ မြေကွက်အမှတ် (ဥ-၆၂၉၇)၊ ဦးရဲမင်းထွန်း (ဘ)ဦးစိုးမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးရဲမင်းထွန်း ၈/မကန(နိုင်)၁၆၉၇၁၈ (ဘ) ဦးစိုးမြင့်မှ ဦးမောင်မောင် ၁၂/သကတ(နိုင်)၁၂၄၉၆၃ (ဘ)ဦးမဂျစ် အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### သင့်သွေးဖြင့် အသက်ကယ်ပါ

### ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက (နမ္မတီး) Grade-12 မှ မကိုင်လိန်၏ ဖခင်အမည်မှန်မှာ ဦးလဘန်နော်အောင် ၁/မကတ(နိုင်)၀၇၇၃၂၂ ဖြစ်ပါကြောင်း။

**ဦးလဘန်နော်အောင်**

### ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ အမက(ဘူတာစု) Grade-5မှ မောင်ဇေဖြိုးသူ၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဦး ၈/ရစက(နိုင်) ၁၈၄၃၅၁ ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်ဦး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၅၁၀၈၄, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာအောင် ၇/ကပက(နိုင်) ၀၈၈၅၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၇၃၃ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၁၀/ကမရ(နိုင်) ၂၀၉၀၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၃၄၇၃၂ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းကိုကို ၁၀/မလမ(နိုင်) ၁၉၅၄၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၆၉၈၀၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ဖောမိုးဆွေ ၁၀/သထန(နိုင်) ၂၃၃၆၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3N/8453 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းလတ်ဇင် ၁၀/သထန(နိုင်)၁၄၀၇၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင ်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/8615, PCX 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန်း ၆/ထဝန(နိုင်) ၁၁၉၉၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

❖ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...
❖ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ . . .
❖ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ ...
❖ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ် ...
❖ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် ၂၈-၉-၂၀၂၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဆက်လက်လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါသည်-

(၁) ဒေါ်လွဲလွဲအေး၊ ညွှန်ကြားရေးမှူးချုပ်၊
ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁

(၂) ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁

(၃) ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊
ဖုန်းနံပါတ် ၀၉-၄၃၀၀၉၂၉၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၅**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းလွန် - ဩရိဿတောင်ပိုင်းကမ်းခြေ) တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတွင် အားလျော့သွားပြီ ဖြစ်သည်။

မိုး/ဇလ

**ယနေ့ သတင်းအညွှန်း**

**တောင်ဆူဒန်နိုင်ငံ၌ ဇန်နဝါရီလမှစတင်၍ ဝက်သက်ကြောင့် သေဆုံးသူ ၄၁ ဦးရှိ**

နိုင်ငံတကာသတင်း စာ ၁၃

**ရေနံချောင်းမြို့၌ ဘုန်းကြီးဝတ်နေသူတချို့ကို စစ်မှုထမ်းရန် တိမ်းရှောင်သည်ဟုဆိုကာ တပ်မတော်က သင်္ကန်းချွတ်ခိုင်းပြီး အဓမ္မဖမ်းဆီးခေါ်ဆောင်နေကြောင်း သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၄

**တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၄

## ပြတ်တောက်သွားသော ညာဘက်လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အမှတ်(၉)ရပ်ကွက် မြိုင်လမ်း အမှတ် - ၂၁၄/ခ နေထိုင်သူ မောင်စိုင်းဇော်ထိုက် အသက် (၂၆) နှစ်သည် ဇူလိုင် ၃၀ ရက်နံနက်ပိုင်းက ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ သံဖြတ်စက် Cutter ထိခိုက်မိရာမှ ညာဘက်လက်မ ပြတ်တောက်သွားသည့်ဒဏ်ရာ (Right Thumb Traumatic Amputation) ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ၁၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိလာရာ အဆိုပါလူနာ၏ ပြတ်တောက်သွားသော ညာဘက်လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု (Thumb Replantation) ကို ည ၇ နာရီ ၃၅ မိနစ်တွင် စတင်ခဲ့ပြီး ည ၁၁ နာရီ ၃၅ မိနစ်တွင် ခွဲစိတ်မှုအောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၂* ◆



လူနာ၏ ပြတ်တောက်သွားသော ညာဘက်လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု ဆောင်ရွက်စဉ်။